

ပဲမျိုးစုံနဲ့ သီးနှံဈေးနှုန်းတွေကျဆင်း
တောင်သူတွေအတွက်
စိုးရိမ်စရာဖြစ်နေ
စာ-၉

# မော်ဒန်

စီးပွားရေးသတင်းဂျာနယ်



ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးဖို့
ပုဂ္ဂလိကလည်း စတင်ဆောင်ရွက်နေပါတယ်
စာ-၁၀,၁၁

အမှတ် ၆၁၀ | *The Modern Weekly* | ၂၇ မေ ၂၀၁၈၊ သောကြာနေ

## ရန်ကုန်သူ ရန်ကုန်သား

# မီးခိုးငွေ့တွေကြား ဗျာများ



စာ-၆,၇

အလိမ်အညာတွေနဲ့
အွန်လိုင်းစုမဲတွေ
ဆက်ရှိနေ



စာ-၅

စက်သုံးဆီ ဂါလန်သုံးသန်း
ဖြည့်ဆည်းရောင်းချပေးဖို့
စီစဉ်



စာ-၂

သည်တစ်ပတ်
သည်လုပ်ငန်း
သည်တင်ဒါ
တွေ ရှိတယ်



စာ-၂၂

ဆယ်နှစ်ရှိပြီမို့
မေ့မထားကြပါနဲ့ဦးဗျာ



စာ-၂၆

www.free4readers.com

# ညောင်နှစ်ပင်မှာ ကိုရီးယားစက်မှုဇုန်တစ်ခုလုပ်ဖို့ စီစဉ်



ပြည်တွင်းမှာကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ပမာဏက အမေရိကန်ဒေါ်လာ၃.၈ဘီလျံအထိ ရှိပါတယ်။

**နေပြည်တော်၊ မေ ၂၅**–ရန်ကုန်တိုင်းဒေသကြီးရှိ ညောင်နှစ်ပင်ဘက်မှာ ကိုရီးယားကုမ္ပဏီတွေ အများဆုံးဝင်ရောက်ရင်းနှီးမြှုပ်နှံကြမယ့်စက်မှုဇုန်တစ်ခု အကောင်အထည်ဖော်ဖို့ စတင်စီစဉ်နေပါတယ်။

ပြီးခဲ့တဲ့ ဧပြီလ ၂၃ရက်နေ့က မြန်မာ–ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးများအဆင့်အစည်းအဝေးမှာ သည်စက်မှုဇုန်အကောင်အထည်ဖော်ရေးကို ဦးစားပေးဆွေးနွေးခဲ့ကြတယ်လို့သိရပါတယ်။ သည်စက်မှုဇုန်မှာကိုရီးယားနိုင်ငံကကုမ္ပဏီ ၂၀၀ခန့်လာရောက်ရင်းနှီးမြှုပ်နှံဖို့ စီစဉ်နေကြပြီလို့ ဆိုတယ်။ စက်မှုဇုန်ရဲ့ အကျယ်အဝန်းကတော့ ဧက ၅၀၀ ကျော်ရှိပါတယ်။ သည်စက်မှုဇုန်ကိုတည်ထောင်ပေးဖို့ ကိုရီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ သဘောတူညီမှုရရှိခဲ့တာကတော့ အချိန်အနည်းငယ်ကြာပြီလို့သိရပါတယ်။

စက်မှုဇုန်တည်ထောင်ရေးမှာ အဓိက လိုအပ်တဲ့ အခြေခံ အဆောက်အအုံပိုင်းတွေကို မြန်မာအစိုးရဘက်က ဆောင်ရွက်ပေးရမှာပါ။ ကိုရီးယားနိုင်ငံအနေနဲ့ မြန်မာဘက်ကို အတိုးနှုန်းသက်သာတဲ့ ချေးငွေရရှိရေးလည်းကူညီပေးမယ်လို့ နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးမှာပြောကြားကြောင်း သိရပါတယ်။ ကိုရီးယားနိုင်ငံအနေနဲ့က သည်စက်မှုဇုန်တည်ထောင်နိုင်ရေးကို အမြန်ဆုံးဆောင်ရွက်လိုတဲ့ အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း မကြာခင်မှာ အကောင်အထည်ဖော်ဖို့ညှိနှိုင်းကြမှာပါ။ သည်စက်မှုဇုန်မှာ အခြားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေပါ လက်ခံမှာဖြစ်ပေမဲ့ ကိုရီးယားကုမ္ပဏီတွေကိုတော့ အများဆုံး လက်ခံမယ်လို့ သိရပါတယ်။

'မကြာခင်မှာတော့ အကောင်အထည် ဖော်မှာပေါ့၊ လက်ရှိကတော့ ပတ်ဝန်းကျင်ထိခိုက်မှုအခြေအနေ၊ နောက်ဖြစ်နိုင်ခွမ်းတွေ လေ့လာနေတာပေါ့၊ ဥပမာ သီလဝါဆိုရင် ဂျပန်ကုမ္ပဏီတွေ အများဆုံး ရင်းနှီးမြှုပ်နှံတယ်၊ ဒီဇုန်မှာဆိုရင်လဲ ကိုရီးယားကုမ္ပဏီက အများဆုံးရင်းနှီးမြှုပ်နှံတယ်၊ ကျန်တဲ့ နိုင်ငံက ကုမ္ပဏီတွေကတော့ လာတော့လာမယ်' လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်က ပြောပါတယ်။

### ကုန်သွယ်မှု

ပြည်တွင်းမှာ ကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု လက်ရှိမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍတွေမှာ အများဆုံးဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ၃.၈ဘီလျံအထိ ရှိပါတယ်။ မကြာခင်မှာလည်း ကိုရီးယားနိုင်ငံက ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခု လာရောက်ရင်းနှီးမြှုပ်နှံတော့မယ်လို့သိရပါတယ်။

နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးမှာ ကိုရီးယားနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးတိုးတက်လာစေဖို့ မြန်မာနိုင်ငံက လိုအပ်တဲ့ စက်မှုနည်းပညာတွေကို အကူအညီ ပေးမယ်လို့ သိရပါတယ်။ ကိုရီးယားနည်းပညာကောလိပ်တွေ၊ တက္ကသိုလ်တွေမှာ နည်းပညာနဲ့ ပတ်သက်ပြီး မြန်မာဘက်က သင်တန်းတွေ လာရောက်တက်ချင်တယ်ဆိုရင်လည်း ကိုရီးယားနိုင်ငံအစိုးရအနေနဲ့ ကူညီပေးမယ်လို့ သိရပါတယ်။

လက်ရှိကိုရီးယားနဲ့ မြန်မာ ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ သန်း၈၀၀နဲ့၆၀၀ကြားလောက်သာရှိပါသေးတယ်။ နှစ်နိုင်ငံကြားကုန်သွယ်မှု ပမာဏဟာ ပြီးခဲ့တဲ့ ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်က ၁.၅ဘီလျံအထိ ရှိခဲ့တဲ့အတွက် ၂၀၂၀ခုနှစ်မှာတော့ ကုန်သွယ်မှုပမာဏအနည်းဆုံး ၁.၅ ဘီလျံကနေ နှစ်ဘီလျံအထိ ရည်မှန်းချက်ထားပြီး ဆောင်ရွက်မယ်လို့ သိရပါတယ်။

ဧပြီလ ၂၃ရက်က ပြုလုပ်တဲ့ နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးမှာ စက်မှုဇုန်တည်ထောင်ရေးကိစ္စတွေအပြင် မြန်မာနိုင်ငံရှိ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (Korea Trade Investment Promotion Agency-KOTRA) တို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ e-commerce အကောင်အထည်ဖော်ဖို့ database များတည်ဆောက်ရာမှာ နည်းပညာဆိုင်ရာပံ့ပိုးကူညီပေးရေးနဲ့ မြန်မာနိုင်ငံနဲ့ ကိုရီးယားနိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားတဲ့ Trade and Investement Promotion and Protection Agreement ကို အသက်ဝင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတွေကို အပြန်အလှန်ဆွေးနွေးခဲ့ကြပါတယ်။

**မာရီနိုင်**

> ဥပမာ သီလဝါဆိုရင် ဂျပန်ကုမ္ပဏီတွေ အများဆုံး ရင်းနှီးမြှုပ်နှံတယ်၊ ဒီဇုန်မှာဆိုရင်လဲ ကိုရီးယားကုမ္ပဏီက အများဆုံး ရင်းနှီးမြှုပ်နှံတယ်

# ခြောက်လတာ ကုန်သွယ်ပမာဏ ဒေါ်လာ ၁၃ ဘီလျံ ကျော် လျာထား

**နေပြည်တော်၊ မေ ၂၅**–ကုန်သွယ်မှုပမာဏကို ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာ အတွက် အမေရိကန်ဒေါ်လာ ၁၃.၇ ဘီလျံအထိ လျာထားပါတယ်။

ပို့ကုန်ရဲ့ ကုန်သွယ်မှုပမာဏကို တော့ အမေရိကန် ဒေါ်လာ ၆.၇ဘီလျံလျာထားပြီး သွင်းကုန်ပမာဏကိုတော့ အမေရိကန်ဒေါ်လာခုနစ်ဘီလျံခန့် လျာထားတယ်လို့ သိရပါတယ်။

၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏဟာ အမေရိကန် ဒေါ်လာ ၃၃ဘီလျံအထိရရှိခဲ့ပြီး ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ထက် အမေရိဒေါ်လာလေးဘီလျံခန့် ပိုမိုရရှိခဲ့တယ်လို့သိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က 'လယ်ယာထွက်ကုန်ဆိုရင် ဆန်တင်ပို့မှုမှာ သိသိသာသာတိုးခဲ့တယ်၊ ပဲမျိုးစုံကဏ္ဍမှာတော့ သန်း ၅၀၀ လျော့ခဲ့တယ်၊ ဒါကတော့ တင်ပို့တဲ့တန်ချိန်ရော ဈေးနှုန်းပိုင်းတွေရော လျော့ခဲ့တာကြောင့်ပေါ့' လို့ ပြောပါတယ်။

ကုန်သွယ်မှု လိုငွေအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်ရဲ့ ကုန်သွယ်မှု လိုငွေထက် လျော့ချနိုင်ခဲ့ပေမဲ့ တစ်ဘီလျံခန့်သာလျော့ချနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြည်ပနဲ့ကုန်သွယ်ရာမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းနဲ့ စက်မှုကုန်ချောတွေကို အများဆုံးတင်ပို့နေတယ်။

လက်ရှိခြောက်လတာဘဏ္ဍာနှစ်အတွက် နယ်စပ်ကုန်သွယ်ရေး အခြေအနေကတော့ ဧပြီလ ၁ ရက်နေ့ကနေ ၁၃ ရက်နေ့အထိ ကုန်သွယ်ပမာဏ အမေရိကန်ဒေါ်လာ ၂၆၉သန်းကျော်ရှိနေပါပြီ။ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းကတော့ ပြီးခဲ့တဲ့နှစ် ကာလတူထက်ကုန်သွယ်မှုပမာဏ လျော့ကျနေပါတယ်။ ကျန်တဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း ၁၆ ခုကတော့ ကာလတူထက် ကုန်သွယ်မှုပမာဏတွေ များပြားနေတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းတွေအရ သိရပါတယ်။

**မာရီနိုင်**

# ရွှေငွေငြိမ်

**ရန်ကုန်၊ မေ ၂၅** - ရွှေဈေးကတော့ သည်တစ်ပတ်မှာ အနည်းငယ်ငြိမ်နေပါတယ်။

တစ်ကျပ်သားကို ကျပ် ၉၄၄,၀၀၀ ပတ်ချာလည်နဲ့ ငြိမ်နေတာပါ။ ကမ္ဘာ့ဒေါ်လာဈေးကတော့ တစ်အောင်စကို ၁၃၂၄ ဒေါ်လာအထိ ပြန်ကျသွားပါတယ်။ အရောင်းအဝယ်လည်း ပုံမှန်လေးရှိနေတယ်လို့ သိရပါတယ်။

ဒေါ်လာဈေးလည်း ပုံမှန်ပါပဲ။ အပြောင်းအလဲ သိပ်မရှိလှပါဘူး။



ဒေါ်လာတင်မက တခြားငွေဈေးတွေလည်း ငြိမ်နေပါတယ်။ ဈေးအတက်အကျ သိပ်မရှိဘူး။ အရောင်းအဝယ်လည်း ပုံမှန်ပဲရှိနေပါတယ်။

**တုံတုံ**

### ရွှေဈေးနှုန်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းထားများ

| | ၂၀-၄-၁၈ | ၂၁-၄-၁၈ | ၂၂-၄-၁၈ | ၂၃-၄-၁၈ | ၂၄-၄-၁၈ | ၂၅-၄-၁၈ |
|---|---|---|---|---|---|---|
| အကယ်ဒမီအခေါက် | ၉၄၇.၀၀၀ | ၉၄၅.၀၀၀ | ၉၄၅.၀၀၀ | ၉၄၂.၅၀၀ | ၉၄၄.၀၀၀ | ၉၄၃.၅၀၀ |
| ကမ္ဘာ့ရွှေတစ်အောင်စ(ဒေါ်လာ) | ၁၃၄၂ | ၁၃၃၆ | ၁၃၃၆ | ၁၃၂၈ | ၁၃၂၇ | ၁၃၂၄ |
| အမေရိကန်(ဒေါ်လာ) | ၁၃၂၅.၅၀ | ၁၃၂၅.၅၀ | ၁၃၂၅.၅၀ | ၁၃၂၄.၅၀ | ၁၃၂၅.၅၀ | ၁၃၂၇.၅၀ |
| ယူရို | ၁၆၃၆ | ၁၆၃၅ | ၁၆၃၅ | ၁၆၃၀ | ၁၆၃၀ | ၁၆၂၈ |
| စင်ကာပူ | ၁၀၀၂ | ၁၀၀၂ | ၁၀၀၂ | ၁၀၁၀.၅၀ | ၁၀၀၉ | ၁၀၁၀ |
| ထိုင်း | ၄၂.၆၀ | ၄၂.၆၀ | ၄၂.၆၀ | ၄၂.၆၀ | ၄၂.၅၀ | ၄၂.၆၀ |
| မလေး | ၃၃၇ | ၃၃၆.၅၀ | ၃၃၆.၅၀ | ၃၃၇ | ၃၃၆.၅၀ | ၃၃၇ |
| တရုတ် | ၂၀၉.၅၀ | ၂၀၉ | ၂၀၉ | ၂၀၉ | ၂၀၉ | ၂၀၉ |
| ဂျပန်(ယန်း) | ၁၂.၄၅ | ၁၂.၄၀ | ၁၂.၄၀ | ၁၂.၄၀ | ၁၂.၃၀ | ၁၂.၂၅ |
| ဩစတြေးလျ | ၁၀၃၅ | ၁၀၃၅ | ၁၀၃၅ | ၁၀၃၀ | ၁၀၂၅ | ၁၀၂၅ |
| အိန္ဒိယ | ၁၉.၈၀ | ၁၉.၈၀ | ၁၉.၈၀ | ၁၉.၈၀ | ၁၉.၇၅ | ၁၉.၇၀ |
| ဗိုလ်ကုန်ဝင်ငွေ | ၁၃၃၁ | ၁၃၃၁ | ၁၃၃၁ | ၁၃၃၁ | ၁၃၃၂ | ၁၃၃၄ |

* ငွေဈေးများသည် ရောင်းဈေးများဖြစ်ပြီး တစ်ပတ်တာ အပိတ်ဈေးများဖြစ်ပါသည်။

www.free4readers.com

# မိုင်းရှူးမြို့နယ်က ဟိုက်ပါရေတံခွန်ကို သွားလည်ကြမလား

ရန်ကုန်၊ ဧပြီ ၂၉ - ရှမ်းပြည်နယ်ဘက်ကိုသွားမယ်ဆိုရင် မွေ့တော်ကက္ကူ၊ အင်းလေး၊ ကလော၊ ပင်းတယခရီးစဉ်တွေကိုသာ အများဆုံးသွားကြသူတွေဟာ ခုနောက်ပိုင်းနှစ်တွေမှာ သဘာဝအလှတရားတွေရှိနေတဲ့ ဟိုက်ပါရေတံခွန်နဲ့ ရှမ်းပုဂံလို့ခေါ်တဲ့မိုးနဲမြို့ ဆက်စပ်ရာနေရာက ခရီးစဉ်တွေကို စိတ်ဝင်စားနေကြပါတယ်။

သွားဖူးသူတွေက မြန်မာနိုင်ငံမှာ အလှပဆုံးရေတံခွန်လို့ တင်စားကြတဲ့ ဟိုက်ပါရေတံခွန်ဟာ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်းမှာ တည်ရှိပါတယ်။အရင်က အနီးပတ်ဝန်းကျင်ဒေသခံတွေလောက်သာ သွားရောက်လည်ပတ်ခဲ့တဲ့ သည်နေရာလေးဟာ အခုဆိုရင် မြန်မာနိုင်ငံဒေသအနှံ့အပြားက ခရီးသွားတွေ စိတ်ဝင်တစားသွားလာနေကြပါပြီ။ နိုင်ငံခြားသားခရီးသွားတွေတော့ ခွင့်မပြုထားသေးပါဘူး။

သည်ရေတံခွန်က မိုင်းရှူးမြို့ အနောက်တောင်ဘက် ၁၂ မိုင်အကွာ ဟိုက်ပါကျေးရွာမှာ ရှိပါတယ်။ ရေတံခွန်ဟာ ပန်းချောင်းပေါ်မှာရှိပြီး နောက်ခံမှာ တောင်တန်းတွေနဲ့ ကာရံထားတယ်။ အဆင့်ဆင့် အသွယ်သွယ်ဖြာကျနေတဲ့ရေတံခွန်ရဲ့ပုံစံနဲ့ ကြည်လင်အေးမြစိမ်းစိုနေတဲ့တောင်တန်းနဲ့ ချောင်းရေတွေကို တွေ့လိုက်ရတဲ့ ခဏမှာ ပင်ပန်းတာတွေ ပျောက်ကွယ်သွားရလောက်အောင် စိတ်ကို ကြည်လင်စေတယ်လို့ သွားရောက်ခဲ့သူတွေက မှတ်ချက်ပြုကြပါတယ်။

အရင်က ငြိမ်းချမ်းမှုမရှိသေးတာရယ်၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေ ထိန်းချုပ်ထားတဲ့ နေရာဖြစ်တာမို့ ဒေသခံအနည်းစုလောက်သာ သွားရောက်လည်ပတ်ကြတာပါ။

ရေတံခွန်ကိုသွားဖို့ တောင်ကြီးမြို့ကနေ ခြောက်နာရီကျော်၊ ခုနစ်နာရီဝန်းကျင်လောက် မောင်းရပါတယ်။ ခရီးစဉ်တွေထဲမှာ ထည့်သွင်းထားတာမျိုးမရှိသေးဘဲ သီးသန့်စီစဉ်ပြီး သွားကြတာများပါတယ်။

တောင်ကြီးကနေ ကိုယ်ပိုင်ကားနဲ့သွားမယ်ဆိုရင်တော့ ဒေသခံကားမောင်းသမားကို ငှားရမ်းဖို့လိုပြီး ရှမ်းစကားတတ်သူဆိုရင် ပိုအဆင်ပြေပါတယ်။ နေ့ချင်းပြန်ဆိုရင်တော့ ပင်ပန်းနိုင်တာကြောင့် လမ်းခရီးမှာရှိနေတဲ့မြို့တစ်မြို့မှာ နားပြီးမှသွားရင် ပိုကောင်းပါတယ်။

တောင်ကြီး၊ မိုင်းပွန်၊ ပင်လုံ၊ လဲချား၊ မိုင်းနောင်၊ မိုင်းရှူးလမ်းက သွားကြရတာမို့ ပင်လုံသို့မဟုတ် လဲချားမှာ ညအိပ်ပြီး မနက်စောစောလေးသွားနိုင်ရင် ပိုကောင်းပါတယ်။ တည်းခိုခန်းရှိပါတယ်။ လူအများနဲ့သွားရောက်မယ်ဆိုရင် ဘုန်းကြီးကျောင်းတွေမှာ တည်းခိုနိုင်ပါတယ်။

တောင်ကြီးမြို့ကနေ သွားရောက်မယ့်သူတွေအတွက် ရှမ်းရိုးမဆိုတဲ့ကားဂိတ်ကနေ ခရီးစဉ် စီစဉ်ပေးထားတာလည်းရှိပါတယ်။ လူ လေးဦးကနေ စတင်ငှားရမ်းလို့ရပြီ။ တစ်ဦးကို ကျပ် ၄၀,၀၀၀ ကျသင့်မှာပါ။ နေ့ချင်းပြန်ခရီးပါ။ မနက် ၄း၀၀ နာရီ စထွက်ပါတယ်။ အစားအသောက်ကတော့ ကိုယ်တိုင် ဝယ်စားရမှာပါ။

မနက်စာကို လမ်းခရီးက မြို့တွေမှာ စားရပါမယ်။ နေ့လယ်စာကိုတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ရေတံခွန်မှာ စားဖို့ ထမင်းချိုင့်တွေ ထည့် လာရင် ပိုအဆင်ပြေပါတယ်။ ရေတံခွန်အနီး ဒေသခံတွေ ရောင်းနေတဲ့ဈေးဆိုင်မှာလည်း ဝယ်စားလို့ရပါတယ်။ လက်ဖက်သုပ်၊ ထမင်းသုပ်၊ ကြက်ကြော်၊ ဝက်ကြော်၊ ငါးကြော်နဲ့ ရှမ်းအစားအစာတွေဖြစ်တဲ့ ရှမ်းခေါက်ဆွဲ၊ သဘော်သီးထောင်းနဲ့ ဒေသစာတွေကို ရရှိနိုင်ပါတယ်။

သည်ဂိတ်ကနေ သွားမယ်ဆိုရင် တောင်ကြီးကနေ ရေတံခွန်ကို ၁၁း၀၀ နာရီဝန်းကျင်ရောက်ရှိမှာဖြစ်ပြီး ညနေ ၃း၀၀ နာရီကျော်ချိန်မှာ ရေတံခွန်ကနေ ပြန်ထွက်ရင် တောင်ကြီးမြို့ကို ည ၁၀း၀၀ နာရီဝန်းကျင်ပြန်ရောက်မှာပါ။

ရှမ်းရိုးမအဖွဲ့ကတော့ ကားကိုပဲ အဓိကထား စီစဉ်ပေးတာပါ။ အစားအသောက်ကတော့ ကိုယ်တိုင်စီစဉ်ရမှာဖြစ်ပါတယ်။

အံ့စာတုံးကားအမျိုးအစားဖြစ်ပြီး ၁၀ ယောက်အထိ သွားလို့ရအောင် စီစဉ်ထားတယ်လို့ ဆိုပါတယ်။ ၁၀ ယောက်အစုဆိုရင် တစ်ဦးကို ကျပ် ၃၅,၀၀၀ ပဲကျသင့်မှာဖြစ်ပါတယ်။

ထမင်းစားတဲ့နေရာတွေမှာ ကားရပ်နားပြီး ကြိုက်နှစ်သက်ရာ သုံးဆောင်နိုင်တယ်လို့ ရှမ်းရိုးမနာမည်နဲ့ ညကားစီစဉ်ပေးနေတဲ့ စိုင်းမျိုးသူက ပြောပါတယ်။

သူက 'ကျွန်တော်တို့ စ စီစဉ်တာ ပြီးခဲ့တဲ့ ၁၂ လပိုင်းလောက်က စတာပါ၊ မိုးတွင်းတော့ သွားဖို့သိပ်အဆင်မပြေဘူး၊ ခရီးသည်တွေက ဟိုက်ပါကို ကြိုက်ကြတယ်၊ ဝေးပေမဲ့ ညည်းညူသံမကြားရဘူး' လို့ ပြောပါတယ်။

## ညစာ စား

ညစာကို ပင်လုံမြို့မှာ ဝင်ရောက်စားသုံးရင် ပိုအဆင်ပြေတယ်လို့ သွားရောက်ဖူးသူအချို့က ဆိုပါတယ်။ ဒါ့အပြင် စွယ်တော်ရိပ်ကနေ စီစဉ်တဲ့ခရီးမှာဆိုရင်လည်း နေ့ချင်းပြန် ခရီးစဉ်ရှိပါတယ်။

နောက်ပိုင်းတိုးချဲ့ဖို့ရှိတယ်လို့ စွယ်တော်ရိပ်ရဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုတယ်။

သူက 'ခရီးသွားလာရေးလုပ်တဲ့သူတော့ မဟုတ်ပါဘူး၊ သွားလာချင်သူတွေကို လိုက်ပို့ပေးတာပါ၊ မိုးရာသီအကုန်လောက်ဆိုရင် လူများများဆံ့တဲ့ကားတွေ ၁၄ ယောက်လောက်ဆံ့တဲ့ကားတွေနဲ့ ပို့ဖို့ စီစဉ်ထားပါတယ်' လို့ ပြောတယ်။

လေးရက်ခရီးစဉ် ပထမရက်မှာ တောင်ကြီးကနေ ထမ့်စမ်းဂူကို လေ့လာပြီး လမ်းတစ်လျှောက်က မြို့တွေဖြစ်တဲ့ ပင်လုံကျောက်တိုင်ကို လေ့လာခွင့်ရပါမယ်။ နမ့်စန်မြို့မှာ နေ့လယ်စာစား၊ ယင်းကြားရွာ

စာမျက်နှာ ၂၃ သို့




ရေတံခွန်ဟာ ပန်းချောင်းပေါ်မှာရှိပြီး နောက်ခံမှာ တောင်တန်းတွေနဲ့ ကာရံထားတယ်။




www.free4readers.com



အီလက်ထရွန်းနစ် ပစ္စည်းအပျက်တွေ၊ ဖော့ဘူးအခွံတွေ၊ တာယာဟောင်းတွေစုပုံနေတဲ့ သည်နေရာက အချို့နေရာတွေဟာ ကျွံဝင်တဲ့ အနေအထားမျိုးတွေ ဖြစ်နေပါတယ်။

ကျသွားရောက်ပြီး ကူညီနေကြတာကြောင့် အမှိုက်ပုံ မီးငြိမ်းသတ်ရာအနီးမှာ စည်ကားနေပါတယ်။

မီးငြိမ်းသတ်တဲ့နေရာမှာရှိတဲ့ မီးသတ်ရဲဘော်တွေနဲ့ ကူညီပေးနေသူတွေမှာ နှာခေါင်းစည်း၊ ဖိနပ်နဲ့ လက်အိတ်လောက်သာ အသုံးပြုထားတာကြောင့် သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို မြှင့်တင်ပေးဖို့လည်း ဆန္ဒရှိနေကြပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက သည်လ ၂၄ ရက်နေ့က မီးခိုးငွေ့နဲ့ ကာဘွန်မိုနောက်ဆိုက်ဓာတ်ငွေ့ အန္တရာယ်သတိပေးနှိုးဆော်ချက် ထုတ်ပြန်သတိပေးထားပါတယ်။

မီးခိုးငွေ့နဲ့ ကာဘွန်မိုနောက်ဆိုက် ဓာတ်ငွေ့ကြောင့်ဖြစ်ပေါ်နိုင်တဲ့ ကျန်းမာရေးပြဿနာတွေကို အသိပေးထားပါတယ်။ သည်အငွေ့တွေကြောင့် ရိုးရိုးသာမန်ပြဿနာတွေအပြင်၊ ပြင်းထန်ပြဿနာတွေဖြစ်တဲ့ အသက်ရှူမြန်တာ၊ ရင်ဘတ်အောင့်တာ၊ နှလုံးရောဂါနဲ့ အသက်ရှူရောဂါ၊ ပန်းနာရင်ကြပ်ရောဂါကို ပိုဆိုးရွားစေနိုင်ကြောင်း ကာဘွန်မိုနောက်ဆိုက်အများအပြားရှူရင် အသက်သေဆုံးနိုင်ကြောင်းသတိပေး ထုတ်ပြန်ထားပါတယ်။

အမှိုက်မီးလောင်မှုကြောင့်ထွက်လာတဲ့အမှုန်တွေကတော့ လေထဲပါသွားမှာဖြစ်ပြီး ပြည်သူတွေ အန္တရာယ်မရှိအောင် mask တွေ တပ်ဖို့လိုတယ်။ မီးခိုးအနံ့ကြောင့်တော့ ရင်ကျပ်တာတွေဖြစ်နိုင်တယ်။ နီးစပ်ရာကျန်းမာရေး စောင့်ရှောက်မှုနေရာတွေမှာခံယူဖို့နှိုးဆော်ထားပါတယ်။

## ထိန်းနိုင်ပြီ

လက်ရှိအချိန်မှာ ၈၀ ရာခိုင်နှုန်း ထိန်းသိမ်းနိုင်ပြီလို့ ဆိုပါတယ်။ လောင်ကျွမ်းနေဆဲနေရာကို အဆင့်မြှင့်နည်းပညာကို သုံးပြီးဆောင်ရွက်ဖို့ စီစဉ်နေပါပြီ။

သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်တဲ့ ဦးဝင်းမျိုးသူကတော့ သူတို့ရဲ့ ဓာတ်ခွဲတိုင်းတာမှုတွေအရ လက်ရှိအခြေအနေဟာ ဆိုးရွားနေတယ်လို့ သူသုံးနေတဲ့ လူမှုကွန်ရက်ပေါ်မှာ ရေးတင်ထားပါတယ်။

သည်နေ့ညနေပိုင်းမှာတော့ ရန်ကုန်တိုင်းအစိုးရအဖွဲ့က လှိုင်သာယာထိန်ပင်အမှိုက်ပုံမီးလောင်မှု ၈၀ ရာခိုင်နှုန်းထိန်းနိုင်ပြီး မထိန်းနိုင်သေးတဲ့ မီးခိုးကို နည်းပညာသုံးပြီး ဆောင်ရွက်ဖို့ စီစဉ်နေတယ်လို့ ထုတ်ပြန်ထားပါတယ်။

အောက်တိုဘာလ ၂၆ ရက် ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးမှာ လှိုင်သာယာမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူက 'ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှိုက်များအား မြေပေါ်တွင်တိုက်ရိုက်စုပုံသည့် စနစ်ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများအား ကာကွယ်တားဆီးမည့် အစီအမံများဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ၊ အစီအစဉ်မရှိပါက မည်သည့် အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုကြောင်း' မေးမြန်းခဲ့ပါတယ်။

စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက 'လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန်အတွက် sanitary landfill နည်းစနစ်နဲ့ အမှိုက်ကနေ methane ဓာတ်ငွေ့စုယူပြီး လျှပ်စစ်ထုတ်ယူရန် စီမံကိန်းအား ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ရန် ပြင်ဆင်ခဲ့ပေမဲ့ ဆောင်ရွက်နိုင်ခြင်း မရှိသေးဘူး။

နောင်အချိန်မှာအမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များကို BOT သို့မဟုတ် PPP ဖြင့် ဆောင်ရွက်ရန် ပြင်ဆင်နေတာ၊ ရေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အမှိုက်မှစိမ့်ထွက်လာတဲ့ Leachate အရည်များပြင်ပသို့ မစီးဆင်းနိုင်ရန် ရေမြောင်းကြီးများ တူးဖော်ပြီး ရေမြောင်းများအတွင်းကို အဆိုပါ Leachate အရည်များအား စီးဆင်းစေပြီး ထိန်ပင် သုသာန်ရဲ့ နောက်ကျောမြေနေရာတွင် ပေ ၅၀ ပတ်လည်ရှိ ကန် ငါးကန်တူးပြီး သဘာဝလေနဲ့ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီးအပေါ်ယံရေမျက်နှာပြင်က တစ်ဆင့် အနည်ထိုင်တဲ့ (lagoon-ing) နည်းစဉ်၊ အောက်ဆီဂျင် ပြည့်ဝစွာ ပျော်ဝင်နိုင်စေရေးအတွက် Air Diff User Aeriated System ကို တပ်ဆင်ပြီးပြုပြင်သန့်စင်သည့် နည်းစဉ်များကို ခေတ်မီနည်းပညာများနဲ့ တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ ဖြေကြားပါတယ်။

> “
> မီးခိုးငွေ့နဲ့
> ကာဘွန်
> မိုနောက်ဆိုက်
> ဓာတ်ငွေ့ကြောင့်
> ဖြစ်ပေါ်နိုင်တဲ့
> ကျန်းမာရေး
> ပြဿနာတွေကို
> အသိပေးထားပါတယ်
> ”

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ Sanitary Landfill System အား အဆင့်မြှင့်တင်ဆောင်ရွက်မယ်လို့ဆိုပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ compose မြေဆွေးပြုလုပ်တဲ့စနစ်တိုးမြှင့်ဆောင်ရွက်မယ်လို့ဆိုပါတယ်။

သည်ဘဏ္ဍာရေးနှစ်က စတင်ပြီး ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံက ထွက်ရှိတဲ့ အရည်ရေဆိုးများ စုစည်းသန့်စင်တဲ့ လုပ်ငန်းနဲ့ အမှိုက်များ မြေပေါ်တွင်တိုက်ရိုက်စုပုံတဲ့ စနစ်ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများအား ကာကွယ်တားဆီးမယ့် အစီအမံတွေကို လည်း ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။

မီးခိုးငွေ့ဒဏ်အလူးအလဲခံခဲ့ရတဲ့ လှိုင်သာယာမြို့နယ် ပြည်သူတွေသာမက ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူအများစုကတော့ လက်ရှိဖြစ်ပွားနေတဲ့ အငွေ့တွေကြောင့် ဘယ်လိုရောဂါတွေထပ်ဖြစ်လာမလဲဆိုတာ စိုးရိမ်နေပါတယ်။

**အေးအေးအောင်**



မီးသတ်ရဲဘော်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို မြှင့်တင်ပေးဖို့လည်း ဆန္ဒရှိနေကြပါတယ်။



လက်ရှိအချိန်မှာ ၈၀ ရာခိုင်နှုန်း ထိန်းသိမ်းနိုင်ပြီလို့ ဆိုပါတယ်။



ရေသယ်ယာဉ်အင်အား ၃၄ စီး၊ မီးသတ်ကား ၁၉ စီး၊ ရေပန့် ၂၀၊ စက်ယန္တရားကြီးလေးခုနဲ့ လုပ်ဆောင်နေတယ်။

www.free4readers.com

# ပဲမျိုးစုံနဲ့ သီးနှံဈေးနှုန်းတွေ ကျဆင်း တောင်သူတွေအတွက် စိုးရိမ်စရာဖြစ်နေ



ပဲမျိုးစုံဈေးကျဆင်းနေတဲ့အတွက် ပိတ်ပင်ထားတဲ့မတ်ပဲနဲ့ ပဲစင်းငုံကို ပြန်လည်တင်ပို့ခွင့်ရရေး ညှိနှိုင်းနေတယ်။

နေပြည်တော်၊ ဧပြီ ၂၅-လက်ရှိမှာပြည်တွင်းရှိ ပဲမျိုးစုံအပါအဝင် သီးနှံဈေးနှုန်းအများစု ကျဆင်းနေပြီး တောင်သူတွေအတွက် စိုးရိမ်စရာအခြေအနေဖြစ်နေပါတယ်။

အိန္ဒိယနိုင်ငံကနေ တင်သွင်းမှုကန့်သတ်လိုက်ကတည်း ပြည်တွင်းမှာ အများဆုံးစိုက်ပျိုးတဲ့ မတ်ပဲနဲ့ ပဲစင်းငုံသီးနှံဈေးတွေ တဖြည်းဖြည်းကျဆင်းလာတာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျန်တဲ့ကုလားပဲနဲ့ ပဲမျိုးစုံတွေလည်း ဈေးနှုန်းသိသိသာသာ မကျဆင်းခဲ့ပေမဲ့ တောင်သူတွေကျေနပ်နိုင်တဲ့ နှုန်းထားအထိ မရောက်ရှိခဲ့သေးဘူးလို့ တောင်သူအချို့ ပြောပြချက်အရ သိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တုန်းကဆိုရင် ပဲစင်းငုံတစ်တင်းကို ကျပ် ၄၀၀၀၀ ကျော်အထိ ရဖူးပါတယ်။

သင်္ကြန်ပြီးကာလမှ ဈေးအနည်းငယ်ပြန်တက်လာတဲ့ မြေထောက်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲနဲ့ပဲယဉ်းတွေကလည်း အနည်းဆုံးကျပ် ၂၀၀၀ ဝန်းကျင်ကနေ ကျပ် ၅၀၀၀ ဝန်းကျင်ခန့်သာ တက်တဲ့ အနေအထားမှာရှိတယ်လို့ မန္တလေးကုန်စည်ဒိုင်၊ အတွင်းရေးမှူး ဦးကျော်သွင်က ပြောပါတယ်။

လက်ရှိပေါ်နေတဲ့ ပဲကြီးကလည်းသင်္ကြန်မတိုင်ခင်က တစ်တင်းကို ကျပ် ၃၅၀၀၀ ဝန်းကျင်အထိ ရှိခဲ့ပြီး အခုဆိုရင် တစ်တင်းကို ကျပ် ၃၁၀၀၀ ထိအောင် ကျဆင်းနေပြီ လို့ သိရပါတယ်။

လက်ရှိဈေး အဆမတန်ကျဆင်းနေတဲ့ မတ်ပဲကတော့ တစ်တင်းကို ကျပ်၁၄၀၀၀ ဝန်းကျင်မှာပဲ ရှိနေပါတယ်။ ပဲစင်းငုံကတော့ အသစ်ဆိုရင် သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၃၂၀၀၀ သာရှိနေပြီး၊ အဟောင်းဆိုရင်တော့ ကျပ် ၃၆,၀၀၀ ရှိနေပါတယ်။

အသစ်တွေ ဈေးလျော့နေတာဟာ သီးနှံ ပေါ်ချိန်က ရာသီဥတုဖောက်ပြန်မှုကြောင့် ပစ္စည်းအရည်အသွေးတွေ နိမ့်ကျနေလို့ ဖြစ်ပါတယ်။

ဈေးအနည်းငယ်ကောင်းလာတဲ့ စပါးဆိုရင်တောင် လက်ရှိမှာ အရောင်းအဝယ် အေးနေတဲ့ အတွက် ဆင်းသုခ စပါးတင်းတစ်ရာကို ကျပ်၆၀၀၀၀၀ အောက်ပြန်လည်ကျဆင်းနေပါတယ်။ ရွှေဘိုပေါ်ဆန်းလို အဆင့်မြင့်စပါးတွေလည်း လက်ရှိမှာ တင်းတစ်ရာကို ကျပ် ၈၀၀,၀၀၀ ဝန်းကျင်ပဲ ရှိနေတယ်။

'တောင်သူတွေမှာ သီးနှံဈေးက ဘယ်သီးနှံဖြစ်ဖြစ် တစ်တင်းကို ကျပ် ၃၀,၀၀၀ အောက် ရောက်ရင် မကိုက်တော့ဘူး' လို့ မကွေးတိုင်းဒေသကြီးမှ တောင်သူ ဦးခင်သိန်းက ပြောပါတယ်။

## အလားအလာ

မတ်ပဲနဲ့ ပဲစင်းငုံကတော့ လောလောဆယ်ပြည်ပက ဝယ်လက်မကောင်းသလို ကောင်းလာဖို့လည်း အလားအလာမရှိသေးတဲ့အတွက် တက်ဖို့ မရှိသေးဘူးလို့ မန္တလေးကုန်စည်ဒိုင်က အတွင်းရေးမှူး ဦးကျော်သွင်က သုံးသပ်ပါတယ်။

လက်ရှိဈေးကွက်ထဲမှာ ရှိနေတဲ့ မြေထောက်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲနဲ့ ပဲယဉ်းတွေကတော့ ဈေးကွက်ထဲမှာ အဝင်နည်းနည်းလာပေမဲ့ ဝယ်လက်တွေမလျော့သေးတဲ့အတွက် လက်ရှိအနည်းငယ် တက်ဈေးနဲ့ ရှိနေပါတယ်။

'ဒီမြေထောက်ပဲတို့ ပဲတီစိမ်းတို့ကတော့ မကျနိုင်တော့ဘူး၊ ကြည့်ရတာ၊ လိုအပ်ချက်များတယ်၊ ဝယ်ကြတယ်၊ မြေထောက်ပဲကတော့ တရုတ်ပြည်က ဝယ်တယ်၊ ဒီကနေ ရန်ကုန်၊ ရန်ကုန်ကနေ တစ်ခါနိုင်ငံခြားအိတ်စပို့ဈေးကွက် သွားတာပါပဲ' လို့ ဦးကျော်သွင်က ပြောပါတယ်။

မြေပဲကတော့ လက်ရှိမှာ ဈေးတည်ငြိမ်နေတယ်။ တရုတ်ဘက်ကလည်း ပုံမှန်အဝယ်ရှိနေတဲ့အတွက် မြေပဲနဲ့ ပတ်သက်ပြီး ဈေးနှုန်းအပြောင်းအလဲကတော့ မထူးခြားဘူး။ ဒါပေမဲ့ မြေပဲ (ခြောက်လပဲ)ကတော့ အဝင်နည်းလာပြီဖြစ်လို့ ဈေးတက်ဖို့ အလားအလာရှိနေပါတယ်။

နေပြည်တော်ရှိ ပဏ္ဏမြားကောက်ပဲသီးနှံပွဲရုံမှ ဦးဗိုလ်ရွှေက 'ပဲကြီးကတော့ မလှောင်ကြတော့ဘူး၊ အခုဆိုရင်၊ ဒါပေမဲ့ ဒီဈေးက အနိမ့်ဆုံးဈေးလို့ ပြောလို့ရနေတယ်၊ ဒီထက်တော့ ဆက်မကျနိုင်တော့ဘူး၊ သူက သုံးလပိုင်းလောက်က စပေါ်တာ သိပ်မကြာခင်တော့ အဝင်နည်းတော့မယ်' လို့ ပြောပါတယ်။

စပါးကတော့ လက်ရှိမှာ ဝယ်လက်က မရှိသလောက်ဖြစ်နေပြီး မကြာခင်မှာ နွေစပါးတွေလည်း ပေါ်တော့မှာဖြစ်လို့ လက်ရှိဈေးနဲ့ ပဲငြိမ်နေမယ့် အလားအလာ ရှိတယ်၊ အထူးသဖြင့် အခုလို စပါးကျဈေးနဲ့ ငြိမ်နေတာဟာ လာမယ့် နွေစပါးတွေအတွက်အလားအလာမကောင်းနိုင်ဘူးလို့ တောင်သူတွေက သုံးသပ်ကြပါတယ်။ ပုံမှန်အားဖြင့် နွေစပါးဟာ မိုးစပါးထက် ဈေးပိုရနေကျပါ။ ပြီးခဲ့တဲ့ နွေစပါးပေါ်ချိန်ကဆိုရင် အနည်းဆုံး တင်းတစ်ရာကို ကျပ် ၆၀၀,၀၀၀ ကျော်အထိ ရခဲ့တယ်လို့ သိရပါတယ်။

နေပြည်တော်ရှိ တောင်သူဦးကိုကိုက 'စပါးဝယ်သူက မရှိသလောက်ကိုရှားတာ၊ တရုတ်ကို စပါးအတိုင်း တင်ပို့တာလဲ နည်းနည်းဟိုဘက်က အဖမ်းအဆီးတွေ များတယ်ထင်တယ်၊ ကျန်တဲ့ဒေသတော့ မသိတော့ဘူး၊ နေပြည်တော်မှာတော့ အခုတလော မတွေ့မိဘူး၊ ဆန်ဈေးသာ နည်းနည်းလှုပ်တာ၊ စပါးဈေးက အရင်ကထက်ကျလာတာ ဝယ်လက်မရှိလို့' လို့ ပြောပါတယ်။

## ကူညီကြပါ

ပြီးခဲ့တဲ့နှစ်ကတော့ ပဲစင်းငုံတွေကို မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းက ဦးဆောင်ပြီး အခြေခံဈေးသတ်မှတ်ပြီး ဝယ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ သတ်မှတ်ထားတဲ့ အရည်အသွေးမပြည့်မီတာ၊ အပြင်ပေါက်ဈေးနဲ့သိပ်မကွာခြားမှု သိပ်မရှိတာတွေကြောင့် တောင်သူတွေ စိတ်ဝင်စားမှု နည်းခဲ့ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က 'တောင်သူတွေ တကယ် ဒုက္ခရောက်ပြီဆို တိုင်းဒေသကြီးပြည်နယ်အစိုးရဆီကို အကူအညီတောင်းမယ်၊ သူကနေတစ်ဆင့်အထက်ကို တင်ပြမယ်ပေါ့၊ အဲဒီလိုလာမှာပေါ့၊ အခုအချိန်ထိတော့ တင်ပြလာတာတွေ မရှိသေးဘူး' လို့ ပြောပါတယ်။

အစိုးရအနေနဲ့ တောင်သူတွေရဲ့ အခက်အခဲကို ဖြေရှင်းပေးနိုင်ဖို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ စီစဉ်ဆောင်ရွက်ပေးနိုင်တယ်လို့သိရပါတယ်။ လက်ရှိအနေအထားရ ပြည်ပတင်ပို့မှာ အားသာချက်ရှိနေတာက ဆန်တင်ပို့မှုဖြစ်တဲ့အတွက် ရေရရှိနိုင်တဲ့ ယာမြေအများစုကို စပါးစိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနတွေက စီစဉ်နေတယ်လို့ သိရပါတယ်။

> “ လက်ရှိပေါ်နေတဲ့ ပဲကြီးကလည်း အခုဆိုရင် တစ်တင်းကို ကျပ် ၃၁,၀၀၀ ထိတောင် ကျဆင်းနေပြီ ”

## အိန္ဒိယနဲ့ ပဲကိစ္စ

အစိုးရအနေနဲ့ကတော့ အခုလို ပဲမျိုးစုံဈေးကျဆင်းနေတဲ့ အတွက် အထူးသဖြင့် ပိတ်ပင်ထားတဲ့ မတ်ပဲနဲ့ ပဲစင်းငုံကို ပြန်လည်တင်ပို့ခွင့်ရရေး ညှိနှိုင်းနေတယ်လို့ သိရပါတယ်။

'အိန္ဒိယနိုင်ငံနဲ့ ပြီးခဲ့တဲ့ မတ်လလောက်ကတော့ အတွင်းဝန်နဲ့ အိန္ဒိယသွားခဲ့တယ်၊ ဒါနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့တယ်၊ လာမယ့်နှစ်မှာ quota သတ်မှတ်ပေးဖို့ကိစ္စ၊ ဆွေးနွေးခဲ့တယ်ဆိုပေမဲ့ သူတို့ဘက်က တိကျတဲ့အဖြေတော့ မပေးဘူး။ နိုင်ငံအနေနဲ့ကတော့ အကြမ်းဖျင်းသူ့ကိုလိုချင်တဲ့ quota ကို တရားဝင် အကြောင်းကြားတာပေါ့' လို့ ဦးခင်မောင်လွင်က ပြောပါတယ်။

အခုလို quota နဲ့ တင်ပို့နိုင်ဖို့ မြန်မာဘက်ကနေ အဆိုပြုထားတဲ့ တန်က ပဲစင်းငုံတန်ချိန် နှစ်သိန်းနဲ့ မတ်ပဲတန် လေးသိန်းဖြစ်ပါတယ်။



ဒါပေမဲ့ လက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံဘက်က အကြောင်းမပြန်သေးဘူးလို့ သိရပါတယ်။ ဒါ့အပြင်သူတို့နိုင်ငံအနေနဲ့ကလည်း ပြီးခဲ့တဲ့နှစ်ကရာသီဥတုကောင်းမွန်ခဲ့တာကြောင့် သီးနှံတွေ အထွက်နှုန်းကောင်းခဲ့ပြီး ပြည်တွင်းစားသုံးမှု ဖူလုံနေတယ်လို့ သိရပါတယ်။

ဒါပေမဲ့ အိန္ဒိယနိုင်ငံမှာ သကြားအထွက်တိုးနေတာကြောင့် နှစ်နိုင်ငံအကြားသဘောတူညီမှုနဲ့ ကုန်သွယ်မှုဖလှယ်ရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသွားဖို့လည်း ရှိနေပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ကလည်း မြန်မာဘက်ကိုသကြားတင်ပို့နိုင်ရေး ဆွေးနွေးမှုတွေရှိနေတယ်လို့လည်း သိရပါတယ်။

'နှစ်နိုင်ငံကုန်သွယ်မှုလုပ်ရင် သူ့ဘက်က ဘာတင်ပို့မယ်၊ ကိုယ့်ဘက်က ဘာတင်ပို့မယ်ဆိုတာညှိနှိုင်းရမယ်၊ ကုန်သွယ်မှုလိုငွေအနည်းဆုံးဖြစ်အောင် လုပ်ရမယ်၊ သူတို့က ကိုယ့်ဘက်ကိုပစ္စည်းတွေ အများကြီးတင်ပို့ပြီး ကိုယ့်ဘက်ကတင်ပို့မှုနည်းနေရင် မဖြစ်ဘူးလေ' လို့ ဦးခင်မောင်လွင်က ပြောပါတယ်။

ဒါကြောင့် အိန္ဒိယနိုင်ငံက ဆွေးနွေးလာတဲ့ မြန်မာနိုင်ငံကို သကြားတင်ပို့နိုင်ရေးဟာ မြန်မာနိုင်ငံ ပဲတင်ပို့မှု ပြန်လည်ရရှိရေးအတွက် အခွင့်အရေးတစ်ရပ်တော့ ဖြစ်လာနိုင်တယ်လို့ သိရပါတယ်။

မကြာခင်မှာလည်း ပဲတင်ပို့မှုကိစ္စနဲ့ ပတ်သက်ပြီး မြန်မာဘက်က အစိုးရအဖွဲ့တွေ အိန္ဒိယကိုသွားဖို့ ရှိတယ်လို့ သိရပါတယ်။

မာရီနိုင်

www.free4readers.com

# ပြည်ပဧည့်သည် တစ်နိုင်တစ်ပိုင် တည်းခိုမှု ခွင့်ပြုဖို့ လိုအပ်ချက်တွေ ရှိနေ

**နေပြည်တော်၊ မေ ၂၅** – ပြည်ပဧည့်သည်တွေအတွက် တစ်နိုင်တစ်ပိုင် တည်းခို (home stay) ဝန်ဆောင်မှု ခွင့်ပြုနိုင်ဖို့ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှု၊ တိုင်းရင်းသား ဓလေ့တွေနဲ့ ကိုက်ညီမယ့်စနစ်တွေကို ဖော်ထုတ်နိုင်ဖို့ လိုအပ်နေပါတယ်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက 'ဟုမ်းစတေးကတော့ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုနဲ့ တိုင်းရင်းသား ဓလေ့ထုံးတမ်းတွေအရ အခြားနိုင်ငံတွေနဲ့ ကွဲပြားခြားနားမှုရှိလို့ အခြားနိုင်ငံများ ဆောင်ရွက်နေတဲ့ ဟုမ်းစတေးမျိုးကို ချက်ချင်းပေးလို့ မသင့်သေးပါဘူး၊ ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီမယ့် စနစ်တွေကို ဖော်ထုတ်သင့်ပါတယ်' လို့ ပြောပါတယ်။

အစပျိုးမှုအနေနဲ့ ခရီးသွားဧည့်သည်တွေကို သီးခြားနေထိုင်ဖို့ နေရာ စီစဉ်ပေးပြီးဒေသခံတွေရဲ့ ရိုးရာဓလေ့စရိုက်တွေကို အနီးကပ်လေ့လာနိုင်တဲ့၊ ဒေသ activity တွေမှာ ပါဝင်ဆောင်ရွက်ပြီး အတွေ့အကြုံယူနိုင်တဲ့ လူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) တွေကို အကောင်အထည်ဖော်နေပါတယ်။

မြန်မာနိုင်ငံရဲ့ အထင်ကရနေရာ တစ်ခုဖြစ်တဲ့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းမှာ ပါဝင်လာဖို့ ဆောင်ရွက်နေတဲ့ ပုဂံဒေသမှာ ဒေသခံတွေကို ဟုမ်းစတေး ခွင့်ပြုမယ်လို့ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုရဲ့ ပြောဆိုမှုအချို့လည်း ရှိခဲ့ပါတယ်။

ငွေကြေးပြည့်စုံချမ်းသာတဲ့ လူတွေကပဲ ရန်ကုန်၊ မန္တလေးက လာပြီးမှ ငွေရင်းနှီးမြှုပ်နှံ၊ ဒေသခံတွေက နေ့စားအလုပ်သမားဘဝက မတက်တဲ့ အနေအထားမျိုးကိုတော့ မဖြစ်စေချင်ပါဘူးလို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နေပြည်တော်မှာ ပြုလုပ်တဲ့ အစည်းအဝေးမှာ ပြောဖူးပါတယ်။

မြန်မာနိုင်ငံအတွင်းက ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်တဲ့အဓိကနေရာတွေမှာ ဒေသခံတွေရဲ့ လူမှုစီးပွားဘဝတွေ တိုးတက်မလာဘဲ လုပ်ငန်းရှင်ကြီးတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေထက် တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံသူတွေကို ခွင့်ပြုပေးဖို့ တောင်းဆိုမှုတွေလည်း ရှိပါတယ်။



အစပျိုးမှုအနေနဲ့ လူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) တွေကို အကောင်အထည်ဖော်နေပါတယ်။

ဟုမ်းစတေး လုပ်ငန်းတွေ ဆောင်ရွက်ခွင့်ပြုနိုင်ဖို့ ကွင်းဆင်းလေ့လာမှာဖြစ်ပြီး ၂၀၁၉ ခုနှစ် အတွင်းမှာတော့ ခွင့်ပြုနိုင်အောင် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

လက်ရှိ မြန်မာနိုင်ငံမှာ ဟိုတယ်လုပ်ငန်းလိုင်စင်၊ တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်နှစ်မျိုးကိုသာ ၁၉၉၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ Myanmar Tourism Law, ၁၉၉၃ ခုနှစ်မှာ မူလဥပဒေကို ပြင်ဆင် ပြဋ္ဌာန်းခဲ့တဲ့ Myanmar Hotels Tourism Law ပါ ပြဋ္ဌာန်းချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ အမိန့် သတ်မှတ်ချက်တွေအရ ခွင့်ပြုပေးနေတယ်လို့ သိရပါတယ်။

လက်ရှိဝန်ကြီးဌာနအနေနဲ့ စိစစ်ခွင့်ပြုပေးထားတဲ့ ဟိုတယ်နှင့် တည်းခိုရိပ်သာတွေအနေနဲ့ လိုင်စင်ဆိုင်ရာ စည်းကမ်းတွေကို လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပြီး လာရောက်တည်းခိုသူတွေကို စနစ်တကျ မှတ်တမ်းမထားရှိတာ၊ ဥပဒေနဲ့ မလွတ်ကင်းတဲ့ လုပ်ငန်းတွေ ဆောင်ရွက်တာ စတဲ့စည်းကမ်းဖောက်ဖျက်မှုတွေရှိလာရင် လိုအပ်သလိုစိစစ်ပြီး လိုင်စင် ယာယီရုပ်သိမ်းတာ၊ လိုင်စင်ပယ်ဖျက်တာနဲ့ ဝန်ဆောင်မှု အားနည်းတဲ့ ဟိုတယ်နဲ့တည်းခိုရိပ်သာတွေကိုတော့ လိုအပ်တဲ့ သတိပေးတာတွေ ပြုလုပ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှာ ပြဋ္ဌာန်းချက်တွေနဲ့အညီ လုပ်ငန်းလိုင်စင် ခွင့်ပြုပေးထားတဲ့ ဟိုတယ် ၁၆၁၈ လုံး၊ အခန်းပေါင်း ၆၅,၁၅၇ ခန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင် ၂၆၆၈ ခု၊ ပို့ဆောင်ရေးလုပ်ငန်း လိုင်စင် ၂၅၆၇ ခု၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင် ၄၄၆၂ ခု၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၃၄၄၉ ခုရှိပါတယ်။

အခုအစိုးရလက်ထက် ဝန်ကြီးဌာနရဲ့ ဒုတိယတစ်နှစ်တာကာလ အတွင်း ဟိုတယ်နဲ့တည်းခိုရိပ်သာ ၁၂၇ လုံး၊ ၆၅၁၁ ခန်းကို ကြိုတင်တည်ဆောက်ခွင့်ပြုမိန့် ချထားတယ်။ ဟိုတယ်နဲ့တည်းခိုရိပ်သာ ၁၄၉ ခု၊ အခန်း ၇၂၂၁ ခန်း၊ ခရီးလှည့်ရေးလုပ်ငန်းလိုင်စင် ၄၈၅ ခု၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၂၅၆၄ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၄၄၉ ဦးနဲ့ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၂၆၆ ဦး၊ ပြည်တွင်း ဘုရားဖူးခရီးသွားဝန်ဆောင်မှု လုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၈၇ ခုတို့ လိုင်စင် ခွင့်ပြုပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

> “ တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံသူတွေကို ခွင့်ပြုပေးဖို့ တောင်းဆိုမှုတွေလည်း ရှိပါတယ် ”

## လျှော့ချ

ဒါ့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ကုန်ကျစရိတ် သက်သာအောင် လိုင်စင်ကြေးတွေလည်း လျှော့ချပေးခဲ့တယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလကစပြီး လုပ်ငန်း အမျိုးအစားအလိုက် ပေးသွင်းနေရတဲ့ လိုင်စင်ကြေးတွေရဲ့ ၅၀ ရာခိုင်နှုန်း လျှော့ချသတ်မှတ်ပေးခဲ့ပါတယ်။

၂၀၁၇ ခုနှစ် မတ်လအထိ ပြည်ပရင်းနှီးမြှုပ်နှံမှုဟိုတယ် ၅၉ လုံး၊ အခန်းပေါင်း ၁၁,၆၂၀ ခန်း၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၈၀၅.၀၂၅ သန်းရှိရာကနေ ၂၀၁၈ ခုနှစ် မတ်လကုန်မှာ ဟိုတယ်အလုံးပေါင်း ၆၄ လုံး၊ အခန်းပေါင်း ၁၂,၁၉၄ ခန်း၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၇၀.၉၇ သန်းတိုးတက်လာပါတယ်။

ကမ္ဘာ့လှည့်ခရီးသွားတွေ အနေနဲ့ မြန်မာနိုင်ငံကို အပျော်စီးသင်္ဘောခရီးစဉ်တွေ၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ နယ်စပ်ဖြတ်ကျော် ယာဉ်တန်းခရီးစဉ်၊ ပြည်တွင်းမြစ်ကြောင်း ခရီးစဉ်၊ မြိတ်ကျွန်းစုစက်တပ်ရွက်လှေခရီးစဉ် လာရောက်လည်ပတ်ပါတယ်။

လက်ရှိအစိုးရရဲ့ ဒုတိယတစ်နှစ်တာကာလအတွင်း စက်တပ်ရွက်လှေခရီးစဉ် ၆၅၇ ကြိမ်၊ ခရီးသည် ၆၉၉၁ ဦး၊ ပြည်တွင်းမြစ်ကြောင်းခရီးစဉ် ၁၁၆ ကြိမ်၊ ခရီးသည် ၂၁၁၂ ဦး၊ အပျော်စီးသင်္ဘောခရီးစဉ် ၃၉ ကြိမ်၊ ခရီးသည် ၃၈,၁၇၅ ဦး၊ စင်းလုံးငှားလေယာဉ်ခရီးစဉ် လေးကြိမ်၊ ခရီးသည် ၂၆၈ ဦး၊ နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ် ၁၅၉ ကြိမ်၊ ခရီးသည် ၂၀၈၀ ဦး၊ မီးပုံးပျံ ပျံသန်းခြင်းခရီးစဉ် တစ်ကြိမ်၊ ခရီးသည် ၂၇ ဦး၊ ပုဂံမာရသွန်ပြိုင်ပွဲ တစ်ကြိမ်၊ ခရီးသည် ၃၀၈ ဦး၊ စုစုပေါင်း ကမ္ဘာ့လှည့်ခရီးသွားဧည့်သည် ၄၉,၉၆၁ ဦး ဝင်ရောက် လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

**အောင်မင်းသိန်း**

# ဇနီးကို သေအောင်ရိုက်နှက်ပြီး ဆိုင်ကယ်မှောက်လို့ သေဆုံးကြောင်း ခင်ပွန်းက အကူအညီ တောင်းခဲ့

**ရန်ကုန်၊ ဧပြီ ၂၄** – ခင်ဦးမြို့နယ်မှာ ခင်ပွန်းဖြစ်သူက ဇနီးကိုသေဆုံးအောင်ရိုက်နှက်ပြီး ဆိုင်ကယ်တိမ်းမှောက်သေဆုံးသွားတယ်လို့ နာရေးကူညီမှုအသင်းကို အကူအညီတောင်းခံခဲ့ကြောင်း သိရပါတယ်။

ခင်ဦးမြို့မရဲစခန်းတာဝန်ရှိသူတစ်ဦးက 'အက်ဆီးဒင့်တစ်ခုဖြစ်တယ်လို့ နာရေးကူညီမှုအသင်းက ဖုန်းဆက်တယ်၊ အဲဒါကြောင့် စခန်းက တာဝန်မှူးတွေ သွားတယ်၊ ဒဏ်ရာတွေကညိုမည်းနေတယ်လို့ ပြောတယ်၊ အက်ဆီးဒင့်ဖြစ်ထားတဲ့ ဆိုင်ကယ်ကိုကြည့်တော့လဲ ဖြစ်ထားတဲ့ အရာမတွေ့ရဘူး။ သေဆုံးသူအလောင်းကိုစစ်ဆေးကြည့်တော့ညှဉ်းပန်းနှိပ်စက်ထားတဲ့ ဒဏ်ရာတွေဖြစ်နိုင်တယ်ပေါ့၊ မသင်္ကာလို့ သေဆုံးသူ ခင်ပွန်းကိုစစ်ဆေးတော့ ၂၃ ရက်နေ့မနက်မှာ အိမ်ကိုပြန်လာတယ်၊ ခွေးဘယ်သွားလဲမေးတော့ သေဆုံးသူက ခွေးပဲသွားချင်တာ သွားမှာပေါ့၊ အဲဒီကနေ မိန်းမကိုစကားများတယ်ဆိုပြီး ရိုက်တာတွေလုပ်တယ်၊ မိန်းမဖြစ်သူက နင်ငါ့ကို ရိုက်တယ်၊ အိမ်ပေါ်ကဆင်းမယ်လို့ ပြောတယ်၊ နင်ကဆင်းမယ်လို့ ပြောရအောင် ဘယ်လင်ငယ်အိမ်သွားနေမှာလဲ ပြောတယ်၊ လက်သီးနဲ့ ထိုးတယ်၊ ခြေထောက်နဲ့ ကန်တယ်၊ သေဆုံးသွားတော့ ဘာလုပ်ရမှန်း မသိတာနဲ့ နာရေးကူညီမှုအသင်းကို အကူအညီတောင်းခဲ့တာဖြစ်တယ်' လို့ ပြောပါတယ်။

ပြစ်မှုကျူးလွန်သူကိုဗိုလ်ဗိုလ်ဟာသေဆုံးသူမအေးအေးဇော်အပြင် အရင်ကမိန်းမနှစ်ယောက်ရှိခဲ့ဖူးတယ်လို့ သိရတယ်။ မိန်းမနှစ်ယောက်ကလည်း အခုလိုရိုက်နှက်နှိပ်စက်ညှဉ်းပန်းမှုတွေ ခံရတာကြောင့် ထွက်ပြေးသွားခဲ့တယ်လို့ သိရပါတယ်။

တာဝန်ရှိ ရဲတပ်ဖွဲ့ဝင်များ အခင်းဖြစ်နေအိမ်ကို သွားရောက်စစ်ဆေးရာ ဒဏ်ရာတွေဟာ ဆိုင်ကယ်တိုက်ရာမှ ရရှိတဲ့ဒဏ်ရာများ မဟုတ်ဘဲ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ ဒဏ်ရာတွေဖြစ်ကြောင်း တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ခင်ပွန်းဖြစ်သူ ကိုဗိုလ်ဗိုလ်အသက် (၂၅ နှစ်) ကို အရေးယူပေးဖို့ ခင်ဦးမြို့မရဲစခန်းကို တိုင်တန်းခဲ့ပါတယ်။

ခင်ဦးမြို့မရဲစခန်းမှာ ကိုဗိုလ်ဗိုလ်ကို (ပ) ၁၉၁/ ၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ – ၃၀၂ နဲ့ အမှုဖွင့် အရေးယူ ဆောင်ရွက်ထားပါတယ်။

**နှင်းနှင်း**

www.free4readers.com

# ဝန်ထမ်းများရှာတဲ့ ကုမ္ပဏီပိုင်ရှင်ကြီး

ခင်မောင်ဝင်း (စစ်တွေ)



သင်္ကြန်မကျမီ သုံးရက်အလိုက ကျွန်တော်တို့သူငယ်ချင်းတစ်စု ကုန်းမြင့်သာ စားသောက်ဆိုင်တွင် ဆုံခဲ့ကြသည်။ ထုံးစံအတိုင်း ကိုစပ်စု ခင်မောင်ဘိုက

'မောင်ဝင်း၊ မင်း ဒီနှစ်သင်္ကြန် ဘယ်ကို ခရီးထွက်မလဲ'

'ဟောင်ကောင်နဲ့ မကာအိုကို တိုးဒီနဲ့ ဂိုးရပြီလို့မှတ်တာကွာ၊ ခုအချိန်ကပ်နေပြီး ဒါမှ အစီအစဉ်ပျက်သွားလို့ ဘယ်သွားရမှန်းမသိတော့ဘူး'

'ဘာဖြစ်လို့လဲ'

'တရုတ်သံရုံးက ပတ်စပို့စာအုပ် အဟောင်းကိုပါ ကောင်းတယ်ကွာ၊ ငါ့အမျိုးသမီးက အသစ်စာအုပ်ရပြီပဲ၊ အဟောင်းက အရေးမကြီးတော့ပါဘူးဆိုပြီး နေရာပြောင်းပြီး သိမ်းလိုက်တာ၊ ရှာလို့ကို မရတော့ဘူး၊ ဒီတော့ သံရုံးက ဗီဇာမပေးဘူး၊ မိတ္တူနဲ့ တင်ပြတော့လဲ လက်မခံဘူး'

'ဒီလောက်တောင်ခက်ခဲရင် တခြားနိုင်ငံတွေသွားပေါ့၊ အာဆီယံနိုင်ငံတွေမှာ ဆိုက်ရောက်ဗီဇာပေးနေတာပဲ'

'ဗီယက်နမ်မြောက်ပိုင်းကလွဲပြီး ကျန်တဲ့နိုင်ငံအားလုံးရောက်ပြီးပြီ၊ အဲဒီကို ပြောင်းပြီးသွားမယ်ဆိုတော့လဲ လူပြည့်နေပြီတဲ့လေကွာ၊ ခွင့်ပြုချက်ရမလား ရမလားစောင့်ရင်းနဲ့ပဲ ရန်ကုန်သင်္ကြန် ချရတော့မယ်ထင်ပါရဲ့ကွာ'

ကျွန်တော်နှင့် ခင်မောင်ဘိုတို့စားရင်းသောက်ရင်းပြောနေကြသည်ကို နားထောင်နေသော ဘုန်းမြင့်က...

'သူငယ်ချင်းတို့ရေ မောင်ဝင်းအဖြစ်က ဟိုရထားပေါ်က လူကြီးအဖြစ်အပျက်နဲ့ တူနေပြီ' ဟု စကားစရာ တစ်ဝိုင်းလုံး ငြိမ်သွားသည်။ သူက အပြောင်အပြက်ကို အတည်ပေါက်ပြောတတ်သူမို့ဖြစ်သည်။ ထုံးစံအတိုင်း ဇော်လင်းက ထောင်ပေးသည်။

'ကဲ ပြောစမ်းပါဦး ရထားပေါ်က လူကြီးအကြောင်း'

'လူတစ်ယောက်က ရထားစီးလာတယ်၊ သူ့ရှေ့မှာ အရွယ်ကောင်းကောင်း သားအမိနှစ်ယောက်ပါလာတယ်၊ ကလေးက တယ်သောင်းကျန်းဆိုပဲ၊ အမေက နို့စို့ဖို့ခေါ်လဲမလာဘူး၊ ဒီတော့ ကလေးအမေက သားသား ချိုချိုလာမစို့ရင် ရှေ့က ဦးဦးကို တိုက်လိုက်မှာနော်လို့ ပြောတယ်တဲ့၊ ဒါပေမဲ့ ကလေးက နို့လာမစို့ဘူး၊ နောက် တစ်ဘူတာကျော်တော့ တစ်ခါထပ်ခေါ်တယ်၊ မလာဘူး၊ ဒီတော့ ရှေ့က ဦးဦးနဲ့ပဲ ခြိမ်းခြောက်ပြန်တယ်၊ နောက်တစ်ဘူတာကျော်တော့လဲ ခေါ်ပြန်တယ်၊ မလာဘူး၊ ဒီတော့ ဂျာနယ်ဖတ်နေတဲ့ ရှေ့က ဦးဦးက အဲဒီအမျိုးသမီးကိုကြည့်ပြီး ဒီမှာအစ်မကြီး အမှန်တကယ်ခေါ်မလား ခေါ်မလားနဲ့ သည်းခံပြီး စောင့်နေခဲ့တာ၊ ကျွန်တော်ဆင်းရမယ့်ဘူတာက သုံးဘူတာတောင် ကျော်သွားပြီတဲ့'

ကျွန်တော်တို့အားလုံး မပြုံးဘဲ ဝါးလုံးကွဲ ရယ်လိုက်မိကြသည်။ ပြီးမှ ဘုန်းမြင့်က...

'မောင်ဝင်းခများလဲ သံရုံးက မနက်ဖြန် ခွင့်ပြုမလား၊ သန်ဘက်ခါခွင့်ပြုမလားနဲ့ စောင့်နေတာ ဘူတာတွေ ကျော်ရင်တော့...'

'အေးကွ၊ ကျော်ခါနီးနေပြီ'

ထိုအခါ ဝိုင်းထဲမှ မျိုးသန့်က

'ဒါဆို မင်းပြည်တွင်းခရီးစဉ် တစ်ခုခု သွားပေါ့ကွာ၊ ရန်ကုန်မှာ မနေချင်ရင် ပြောတာ'

'မြန်မာပြည်အနှံ့ ငါရောက်ဖူးပြီ၊ မြိတ်နဲ့ ကော့သောင်းပဲကျန်တယ်'

'ငါလဲ အဲဒါ ပြောမလို့ပဲ၊ အခု အဲဒီခရီးစဉ်တွေက ပေါ်ပြူလာဖြစ်နေတယ်၊ ကော့သောင်းရောက်ရင် ဟိုဘက်ကမ်းကူး ရနောင်းရောက်မယ်၊ ရှော့ပင်လုပ်လို့ရတယ်၊ ပြီးတော့ ကျွန်းတွေ ပတ်ရမယ်၊ ရေအောက်ကမ္ဘာကို ကြည့်ရမယ်၊ အတွေ့အကြုံအသစ် ဗဟုသုတအသစ်တွေရမှာပါ၊ ငါ့ကုမ္ပဏီက ဒါတွေလုပ်ပေးနေတာ'

'ကောင်းတာပေါ့ကွ'

ကျွန်တော်သိသည်က မျိုးသန့်က အိမ်ခြံမြေပွဲစား။ ဘယ်တုန်းက ခရီးသွားကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်သွားသည်မသိ။ သူစားသောက်နေသည့် အခန်းပြင်သို့ ဖုန်းကလေးကိုင်ကာ ထွက်သွားသည်။ ခဏကြာတော့ ပြန်ဝင်လာသည်။

'မင်းတို့ လင်မယားနှစ်ယောက်သွားမှာနော်'

'အေး'

'လေယာဉ်လက်မှတ်တော့ မရှိတော့ဘူး၊ ကုန်ပြီ၊ သင်္ကြန်ရက်က လူအသွားအလာများတယ်၊ ဒီတော့ ငါ ကားလက်မှတ်စုံစမ်းကြည့်တော့ နှစ်စောင် ရနိုင်သေးတယ်၊ ဒါတောင် နောက်ဆုံးထွက်မယ့်ကား၊ နေရာလဲ နှစ်နေရာပဲ ကျန်တယ်၊ ဖြတ်လိုက်ရမလား'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သူ့အခန်းပြင် ထွက်သွားပြန်သည်။ ပြီးတော့...

'မောင်ဝင်း အောင်မင်္ဂလာအဝေးပြေးဂိတ်က မန္တလာမင်းစကန်နီယာလေအိတ်ဇိမ်ခံကားကြီးနဲ့ သွားရမယ်၊ ညနေ ၄း၀၀ နာရီထွက်မယ်၊ နောက်တစ်နေ့ နေ့လယ် ၁၂း၀၀ နာရီ ကော့သောင်းရောက်လိမ့်မယ်၊ ကားဂိတ်မှာ ကော့သောင်း Coral Fish ကုမ္ပဏီက ကိုအောင်ဖြိုးလာကြိုလိမ့်မယ်၊ သူဟိုတယ်ကို ခေါ်သွားပြီး အားလုံးလိုက်ပို့လိမ့်မယ်၊ ပို့မယ့်ခရီးစဉ်နဲ့ ကားလက်မှတ်တွေကို ဗိုက်ဘာနဲ့ မင့်ဖုန်းထဲ ငါပို့ပေးလိုက်မယ်'

*

စကန်နီယာကားကြီးက ကော့သောင်းသို့ နေ့လယ် ၁၂း၀၀ နာရီမရောက်။ ည ၁၂း၀၀ နာရီ ရောက်ပါသည်။ သူပြောသည့်အတိုင်း Coral Fish ကုမ္ပဏီမှ ကိုအောင်ဖြိုးလာရောက်ကြိုဆို၍ ညှော်ဝတ်ကျေပွန်စွာ မိသားစုစိတ်ဓာတ်အပြည့်နှင့် ကျွေးမွေးပို့ဆောင်ပေးရှာပါသည်။ နောက်ဆုံးည ညစာစားရင်း...

'ကိုမျိုးသန့်က လွှတ်လို့ ကျွန်တော်ရောက်လာတာ၊ သူပြောလိုက်တဲ့အတိုင်းပါပဲ၊ တကယ်ပျော်ဖို့ကောင်းတဲ့ ခရီးစဉ်ပါ'

'ဟုတ်လား ကိုမျိုးသန့် ဒီ ကော့သောင်း တစ်ခါမှ မရောက်ဖူးသေးဘူး၊ သူ့ညွှန်သည်တွေသာ ကျွန်တော်ပို့ပေးနေရတာ'

'ဩော်...ဟုတ်လား'

ပြန်ရောက်တော့ သူ့အိမ် ကျွန်တော်ရောက်သွားသည်။ ညှော်ခန်းတွင် အိမ်ခြံမြေ အကျိုးဆောင်ဆိုင်းဘုတ်အပြင် ခရီးသွားကုမ္ပဏီဆိုင်းဘုတ်ကိုပါ တွေ့ရသည်။ သူ့အမျိုးသမီးဈေးသွားနေ၍ သူတစ်ယောက်တည်း။ ကျွန်တော်က

'မျိုးသန့် မင့်ကုမ္ပဏီဝန်ထမ်းတွေကော'

'ဒီမှာလေကွာ' ဟုပြုံးရင်းပြောကာ သူ့ဖုန်းကလေးကို ထောင်ပြသည်။

'ဒါ ငါ့ဝန်ထမ်းတွေပဲကွ၊ သူနဲ့ပဲ သူ့ကိုပဲ ခိုင်းပြီးလုပ်နေတာ' တဲ့ဗျာ။

ခင်မောင်ဝင်း (စစ်တွေ)




တာဝန်ခံ အယ်ဒီတာ
ဝေလွှ
အယ်ဒီတာအဖွဲ့
သင်းသင်းထွေး၊ ဆန်းငြိမ်းသော်
သတင်းထောက်များ
မေစုကြည်၊ အေးအေးအောင်၊
အောင်ထွန်းဦး၊ စွတ္တာဖြူ၊
မေသော်တာမောင်၊ မေဘယ်လ်၊
လိမ္မာ၊ မို့မို့သုဇာ၊ နှင်းနှင်း၊
မိပွဲ၊ မေသက်
သတင်းဓာတ်ပုံ
မျိုးနိုင်၊ စစ်ထက်အောင်
သတင်းဘာသာပြန်အဖွဲ့
အယ်ဒီတာ
မိုးထက်ဇင်
လက်ထောက်အယ်ဒီတာ
စုပြည့်စုံ
ဘာသာပြန်အဖွဲ့
အေးသီမွန်၊ ယွန်းစန္ဒီနန်းမွန်၊ ချိုလေးငယ်
ကော်ပီအယ်ဒီတာ
မျိုးမင်းဦး၊ ညိုမင်းဦး
ဂရပ်ဖစ်ဒီဇိုင်း
(မောင်မြ-ဝစု)
စာပြင်- သက်ဝေ၊ သက်နိုင်
ကွန်ပျူတာအဖွဲ့
ချယ်ရီသင်း၊ အေးသီတာ၊
မျိုးသန္တာသန်း၊ ယဉ်သန္တာ၊ နေနွယ်တင်မြင့်၊
သက်သက်နိုင်၊ အိစုန်း
ကြော်ငြာတာဝန်ခံ
သင်းသီရိဇင်
ဖုန်း- ၀၁ ၂၉၁၈၆၅၊ ၀၉ ၇၆၉၂၅၈၉၃၄
ပုံနှိပ်သူ
ဦးဝင်းအောင် (မြ-၀၀၀၈၂)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ် ၈၄/၈၆၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးမောင်မောင်စိန် (၀၀၆၄၄)
အမှတ် ၁၁၃၊ ၅၂လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အထက်မြန်မာပြည်ရုံးခွဲ
တာဝန်ခံ(ယာယီ)
ဖိုးစိန်
သတင်းထောက်များ
မိုးမြင့်ထွန်း၊ နန်းဟေမာထွေး၊
အေးစုမွန်
ရုံးခွဲလိပ်စာ
အမှတ် ၄၀ခ၊ ၂၉ လမ်းနှင့်
၇၂ လမ်းထောင့်၊
ချမ်းအေးသာစံမြို့နယ်
မန္တလေးမြို့။
ဖုန်း ၀၂ ၂၈၄၄၄၈၀၊ ၀၉၉၁၀၄၀၉၈၉

နေပြည်တော်ရုံးခွဲ
အယ်ဒီတာ
ချိုဇင်မာဝင့်
သတင်းထောက်
မာရီနိုင်၊ အောင်မင်းသိန်း
အမှတ် ၆၉၊ ၄၀လမ်း၊ နယ်မြေ(၂)၊
သပြေကုန်း၊ နေပြည်တော်။
ဖုန်း- ၀၆၇ ၄၁၄၉၀၅

www.free4readers.com

# Mister International World ဖိုင်နယ်ပြိုင်ပွဲကြီး မြန်မာနိုင်ငံမှာ လက်ခံကျင်းပမည်

ရန်ကုန်၊ ဧပြီ ၂၄ - ၁၂ ကြိမ်မြောက် Mister International World ဖိုင်နယ်ပြိုင်ပွဲကြီးကို လာမယ့် ဧပြီလ ၃၀ ရက်နေ့ ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီးမှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသွားမယ်လို့ သိရပါတယ်။

သည်ပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၆ နိုင်ငံက ပြိုင်ပွဲဝင် Mister တွေက ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်တယ်လို့ သိရပါတယ်။ ပြိုင်ပွဲဝင်နိုင်ငံတွေကတော့ အမေရိကန်၊ ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘရာဇီး၊ ကိုလံဘီယာ၊ ဖင်လန်၊ ပြင်သစ်၊ ဟောင်ကောင်၊ မက္ကဆီကို၊ နီပေါ၊ ပီရူး၊ ပိုလန်၊ စင်ကာပူ၊ စပိန်၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနဲ့ အခြားနိုင်ငံများစွာက ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

'အဓိက က ကျွန်တော်တို့ အရင်က နိုင်ငံခြားမှာသွားပြိုင်သလို ခု ကျွန်တော်တို့မြန်မာနိုင်ငံကို နိုင်ငံအသီးသီးက နိုင်ငံကိုယ်စားပြု winner ရရှိတဲ့ Mister တွေက လာရောက်ယှဉ်ပြိုင်ကြတာပေါ့၊ အဓိက ကျွန်တော်တို့မြန်မာပြည်ရဲ့ အမျိုးသားတွေဝတ်တဲ့ ပုဆိုးကို လဲ တစ်ခါ တည်း ပြသမယ်၊ ကျွန်တော်တို့ နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ ပြသချင်လို့ အခုလို ပြုလုပ်ခဲ့တာပါ'လို့ ပွဲစီစဉ်သူ ကိုဇေယံဟိန်းက ပြောပါတယ်။

Mister International Myanmar ကိုယ်စားပြုအဖြစ် ပါဝင်ရတဲ့ Mister ဝင်္ဂန်ကိုကိုက 'မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက်လဲ ဝမ်းသာမိပါတယ်၊ ၃၀ ရက်နေ့အတွက် အနေအထိုင်အစားအသောက်ကအစ ပြင်ဆင်ထားတယ်၊ national costume ကတော့ဒီဇိုင်နာကိုဖြိုးပြည့်က တာဝန်ယူပေးထားပါတယ်၊ ဝတ်စုံကတော့ စစ်သူကြီးဝတ်စုံ၊ ကျန်စစ်သားလိုမျိုးဒီဇိုင်းပုံစံမျိုးနဲ့ ပြသသွားဖို့ ရှိပါတယ်၊ ဆုရသည်ဖြစ်စေ မရသည်ဖြစ်စေ ကျွန်တော် တတ် နိုင် သလောက် ဆက် လုပ်သွားမှာပါ'လို့ ပြောပါတယ်။

စိမ့်





## Miss Republic International 2017 မှာ အလှမယ် ပွင့်ဖြူစိုး ဆုသုံးဆု ဆွတ်ခူး

ရန်ကုန်၊ ဧပြီ ၂၂- ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက စင်ကာပူနိုင်ငံမှာ ပြုလုပ်တဲ့ နိုင်ငံတကာ Miss Republic International 2017 ပြိုင်ပွဲကြီးမှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော Single Mother အဖြစ် ပွင့်ဖြူစိုး (Pwintcess)က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆု သုံးဆု ရရှိခဲ့သဖြင့် ဂုဏ်ပြုမိတ်ဆက်ပွဲနဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Reno Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အိမ်ထောင်ရှင်အလှမယ် ပွင့်ဖြူစိုးက 'ကျွန်မက ဒီပွဲအတွက် ပြင်ဆင်ချိန် တစ်နှစ်လောက် ရခဲ့ပေမဲ့ အလုပ်ကိစ္စတွေနဲ့ မအားလပ်တော့ ပြင်ဆင်ချိန် သိပ်မရခဲ့ဘူး၊ single mother တို့ တစ်ခုလပ်တို့ဆိုရင် ပတ်ဝန်းကျင်က တစ်မျိုးမြင်ကြတယ်၊ ကျွန်မကတော့ single mom ဘဝကို ရဲရဲဝံ့ဝံ့ရပ်တည်ပြီး ဝါသနာပါတာတွေ လုပ်မယ်၊ သားသမီးကိုကောင်းကောင်းမွန်မွန် ပြုစုပျိုးထောင်မယ်၊ ဒါမျိုးတွေကို ကျွန်မတို့လို single mom တွေအတွက် လုပ်ပြချင်လို့ ဒီပြိုင်ပွဲကို သွားပြိုင်ခဲ့တာပါ'လို့ ပြောပါတယ်။

ပြိုင်ပွဲမှာ Style Plus H က ရွေးချယ်စေလွှတ်ခဲ့တဲ့ Miss International Myanmar ပွင့်ဖြူစိုး (Pwintcess) က Best Interview Award, Ms Congeniality နဲ့ Ms Intellect Beauty ဆုတို့ကို ရရှိခဲ့တာ ဖြစ်ပါတယ်။

'ကျွန်မအနေနဲ့ မြန်မာနိုင်ငံမှာ လက်ထပ်ခဲ့ပြီး သားသမီးရပြီးမှ အဆင်မပြေလို့ပဲဖြစ်ဖြစ်၊ ခင်ပွန်းကွယ်လွန်သွားတာပဲဖြစ်ဖြစ်၊ ကိုယ်ဝန်ဆောင်ထားပြီးမှ လက်မထပ်ဖြစ်တာဖြစ်ဖြစ် ရဲရဲဝံ့ဝံ့ မိခင်ပီသစွာဖြင့် သားသမီးတွေကို စောင့်ရှောက်နေခဲ့သူတွေ၊ အိမ်ထောင်မရှိတော့ပေမဲ့ မိခင် တစ်ဦးတည်း ရုန်းကန်နေရတဲ့ single mother အမျိုးသမီးတွေကို ဂုဏ်ပြုသောအားဖြင့် Ms Elegant ပြိုင်ပွဲကြီးကို ၂၀၁၇ မှာ ကျင်းပခဲ့ရာ မြန်မာပြည်ရဲ့ ပထမဆုံး single mom ပွဲဖြစ်တဲ့အတွက် တချို့သော အမျိုးသားတွေဘက်က ဖုန်းဆက်ပြီး တားမြစ်တာမျိုး၊ တရားစွဲမယ်ဆိုပြီး ခြိမ်းခြောက်တာမျိုးလဲ ကြုံခဲ့ရပါတယ်၊ ဒါပေမဲ့လဲ ရှေ့ဆက်တိုးပြီး ဒီပွဲကို စီစဉ်ဖြစ်ခဲ့တာပါ၊ Single mom တွေထဲကနေ ၂၀၁၇ မှာ စင်ကာပူနိုင်ငံမှာ Ms International ပွဲကို ပထမဆုံး မြန်မာနိုင်ငံရဲ့ Single Mom Ms Myanmar အနေနဲ့ ပွင့်ဖြူစိုးကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့တာပါ'လို့ Style Plus H တည်ထောင်သူ မလှနုထွန်းက ပြောပါတယ်။ စိမ့်




www.free4readers.com

## ပရီးမီးယားလိဂ်ပွဲစဉ်(၃၆)

# မန်ယူ-အာဆင်နယ်ပွဲနဲ့ အသက်ဝင်နေသေးတဲ့ တန်းဆင်းဇုန်ပွဲတွေ ကြည့်ရမယ်

ဧပြီ ၂၉-သည်တစ်ပတ်မှာ အသင်းကြီးနှစ်သင်း တွေ့ဆုံပွဲအဖြစ် မန်ယူနဲ့အာဆင်နယ်တို့ရဲ့အကြိတ်အနယ်ပွဲကို မြင်တွေ့ရမှာပါ။ ကျန်တဲ့ အသင်းကြီးပွဲတွေက ထူးထူးခြားခြား စိတ်ဝင်စားစရာ သိပ်မရှိပေမဲ့ ဒုတိယနေရာကို ချိန်နေဆဲ လီဗာပူးလ်နဲ့တန်းမဆင်းရဖို့နိုင်ပွဲလိုနေတဲ့ စတုတ်တို့ရဲ့ ပွဲကတော့ အတိုင်းအတာတစ်ခုအထိစိတ်ဝင်စားစရာဖြစ်နိုင်ပါတယ်။ အခုထိ တန်းဆင်းဖို့သေချာတဲ့အသင်းမရှိသေးပေမဲ့သည်တစ်ပတ်မှာဝက်စ်ဘရွန်းအသင်းရဲ့အနိုင်၊ အရှုံးကိုကြည့်ပြီး အဆုံးအဖြတ်ပေးနိုင်ပါတယ်။ကျန်တဲ့တန်းဆင်းနစ်နေရာအတွက်ကတော့နောက်ထပ် ပွဲစဉ်တွေအထိ ဆက်လက်စောင့်ကြည့်ရနိုင်ပြီး ပရီးမီးယားလိဂ်ကရာသီကုန်အထိ အသက်ဝင်နေဦးမှာပါ။

### လီဗာပူးလ် Vs စတုတ်

လီဗာပူးလ်က ဒုတိယနေရာကိုတက်လှမ်းနိုင်ဖို့ နိုင်ပွဲလိုနေပြီး စတုတ်ကလည်း တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ နိုင်ပွဲ အသည်းအသန်လိုနေပါတယ်။ လီဗာပူးလ် အနေနဲ့ချန်ပီယံလိဂ်ကို အဓိကအာရုံစိုက်နေတာသိသာပြီး နောက်ဆုံးပွဲစဉ်မှာလည်း ဝက်စ်ဘရွန်းကို ၂-၂သရေကျခဲ့တယ်။အခုလည်း သည်ပွဲပြီးရင် ရီးမားနဲ့ အဆုံးအဖြတ်ပွဲကစားဖို့ရှိနေလို့ သည်ပွဲကို အာရုံအပြည့်အဝ စိုက်မှာမဟုတ်ပါဘူး။ဒါကြောင့် ဝက်စ်ဘရွန်းအမှတ်ရခဲ့သလို စတုတ်လည်း မျှော်လင့်ခွင့်ရှိနေတယ်။ ဒါပေမဲ့အခုက လီဗာပူးလ် အိမ်ကွင်းဖြစ်နေတာကတော့ စဉ်းစားစရာ ရှိပါတယ်။ ပထမအကျော့မှာ၀-၃နဲ့ အေးအေးဆေးဆေးအနိုင်ရခဲ့တဲ့လီဗာပူးလ်အနေနဲ့ စတုတ်လို အသင်းမျိုးကို အသာစီး မရစရာတော့ မရှိပါဘူး။သည်ပွဲမှာ ဆာလက်၊ ဖာဗီနီတို့ကိုအနားပေးလာရင်တောင်မှ လီဗာပူးလ်ရဲ့တိုက်စစ် အစုအဖွဲ့က စတုတ်ကိုကျော်ဖြတ်ဖို့တော့လုံလောက်နိုင်ပါတယ်။ အိမ်ကွင်းမှာ မျက်နှာပန်းလှအောင် ကစားမယ့် လီဗာပူးလ်ပဲ အနိုင်သေချာအောင်ကစားပါလိမ့်မယ်။

### ဘန်လေ Vs ဘရိုက်တန်

ဘန်လေက အာဆင်နယ်ပွဲ ကျပ်တွေ့နေချိန်မှာ အခွင့်အရေးယူဖို့ကြိုးစားရမှာပါ။ဘရိုက်တန်က တန်းဆင်းအန္တရာယ် အရှင်းမလွတ်သေးပေမဲ့စိတ်ချရလောက်တဲ့ အနေအထားပါပဲ။ ပထမ အကျော့မှာ ဂိုးမရှိ သရေကျခဲ့ပြီး အစဉ်အလာတွေ့ဆုံမှုတွေမှာညီမျှနေတဲ့သည်နှစ်သင်းပုံမှန်လောက်သာကစားရင်းသရေပွဲပဲ ထပ်ဖြစ်နိုင်ပါတယ်။

### ပဲလေ့စ် Vs လက်စတာ




မန်စီးတီး အသင်းကတော့ ချန်ပီယံဖြစ်သွားပါပြီ။

**ပရီးမီးယားလိဂ်ပွဲစဉ် (၃၆)**

**ပွဲကစားချိန်များ**

| | |
|---|---|
| ဧပြီ ၂၈၊ စနေနေ့ည | လီဗာပူး ၆း၀၀ စတုတ် |
| | ဘန်လေ ၈း၃၀ ဘရိုက်တန် |
| | ပဲလေ့စ် ၈း၃၀ လက်စတာ |
| | ဟာဟ်ဒါစဖီး ၈း၃၀ အဲဗာတန် |
| | နယူးကာဆယ် ၈း၃၀ ဝက်စ်ဘရွန်း |
| | ဆောက်သမ်တန် ၈း၃၀ ဘုန်းမောက် |
| | ဆွမ်ဆီး ၁၁း၀၀ ချယ်လ်ဆီး |
| ဧပြီ ၂၉၊ တနင်္ဂနွေနေ့ည | ဝက်စ်ဟမ်း ၇း၃၅ မန်စီးတီ |
| | မန်ယူ ၁၀း၀၀ အာဆင်နယ် |
| မေ ၁၊ အင်္ဂါနေ့မနက် | စပါး ၁း၃၀ ဝက်ဖို့ဒ် |

**ပွဲစဉ် (၃၅)အပြီး ပရီးမီးယားလိဂ် အသင်းများရဲ့ ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၃၄ | ၂၉ | ၃ | ၂ | ၉၈ | ၂၅ | ၉၀ |
| ၂ | မန်ယူ | ၃၄ | ၂၃ | ၅ | ၆ | ၆၅ | ၂၆ | ၇၄ |
| ၃ | လီဗာပူးလ် | ၃၅ | ၂၀ | ၁၁ | ၄ | ၈၀ | ၃၇ | ၇၁ |
| ၄ | စပါး | ၃၄ | ၂၀ | ၈ | ၆ | ၆၆ | ၃၁ | ၆၈ |
| ၅ | ချယ်လ်ဆီး | ၃၄ | ၁၉ | ၆ | ၉ | ၅၉ | ၃၄ | ၆၃ |
| ၆ | အာဆင်နယ် | ၃၄ | ၁၇ | ၆ | ၁၁ | ၆၆ | ၄၆ | ၅၇ |
| ၇ | ဘန်လေ | ၃၅ | ၁၄ | ၁၁ | ၁၀ | ၃၅ | ၃၂ | ၅၃ |
| ၈ | အဲဗာတန် | ၃၅ | ၁၂ | ၉ | ၁၄ | ၄၀ | ၅၄ | ၄၅ |
| ၉ | လက်စတာ | ၃၄ | ၁၁ | ၁၁ | ၁၂ | ၄၉ | ၄၇ | ၄၄ |
| ၁၀ | နယူးကာဆယ် | ၃၄ | ၁၁ | ၈ | ၁၅ | ၃၅ | ၄၃ | ၄၁ |
| ၁၁ | ဘုန်းမောက် | ၃၅ | ၉ | ၁၁ | ၁၅ | ၄၁ | ၅၈ | ၃၈ |
| ၁၂ | ဝက်ဖို့ဒ် | ၃၅ | ၁၀ | ၈ | ၁၇ | ၄၂ | ၆၀ | ၃၈ |
| ၁၃ | ဘရိုက်တန် | ၃၄ | ၈ | ၁၂ | ၁၄ | ၃၂ | ၄၇ | ၃၆ |
| ၁၄ | ပဲလေ့စ် | ၃၅ | ၈ | ၁၁ | ၁၆ | ၃၆ | ၅၄ | ၃၅ |
| ၁၅ | ဝက်စ်ဟမ်း | ၃၄ | ၈ | ၁၁ | ၁၅ | ၄၂ | ၆၃ | ၃၅ |
| ၁၆ | ဟာဟ်ဒါစဖီး | ၃၄ | ၉ | ၈ | ၁၇ | ၂၇ | ၅၄ | ၃၅ |
| ၁၇ | ဆွမ်ဆီး | ၃၄ | ၈ | ၉ | ၁၇ | ၂၇ | ၅၁ | ၃၃ |
| ၁၈ | ဆောက်သမ်တန် | ၃၄ | ၅ | ၁၄ | ၁၅ | ၃၃ | ၅၃ | ၂၉ |
| ၁၉ | စတုတ်စီးတီး | ၃၅ | ၆ | ၁၁ | ၁၈ | ၃၂ | ၆၅ | ၂၉ |
| ၂၀ | ဝက်စ်ဘရွန်း | ၃၅ | ၄ | ၁၃ | ၁၈ | ၂၉ | ၅၄ | ၂၅ |

ပဲလေ့စ်အနေနဲ့တန်းဆင်းဇုန်ကအပြီးရုန်းထွက်ဖို့ နိုင်ပွဲတစ်ပွဲတော့ လိုနေသေးတယ်။လက်စတာကတော့ အဆင့်လုရုံသက်သက်အသင်းပါ။လက်ရှိခြေစွမ်းအရတော့စိတ်အားထက်သန်မှုအပိုင်းမှာရောခြေစွမ်းပိုင်းမှာပါ ပဲလေ့စ်က နှာတစ်ဖျားသာနေတယ်။ နောက်ဆုံးသုံးပွဲ ရှုံးပွဲမရှိခဲ့ဘဲအသင်းကောင်းတွေကို သရေကစားထားနိုင်တယ်။လက်စတာကတော့နောက်ဆုံးသုံးပွဲမှာ နိုင်ပွဲပျောက်နေပြီးနောက်ဆုံးပွဲမှာ တန်းဆင်းဇုန်ထဲကဆောက်သမ်တန်ကိုသရေသာ ကစားထားနိုင်တယ်။ ပထမအကျော့မှာလည်း ပဲလေ့စ်ကို၀-၃နဲ့ အရှုံးပေးခဲ့ရတဲ့ လက်စတာအသင်းအခုလည်း ရှုံးကြေးထပ်တင်ဖို့များပါတယ်။

### ဟာဟ်ဒါစဖီး Vs အဲဗာတန်

ဟာဟ်ဒါစဖီးကတန်းမဆင်းရဖို့အနိုင်သုံးမှတ်ထပ်ရဖို့ လိုနေသေးပြီးအဲဗာတန်ကတော့အဆင့်ရှစ်နေရာကိုထိန်းထားနိုင်ဖို့ အမှတ်လိုနေပါတယ်။လက်ရှိခြေစွမ်းတွေအရလည်းနှစ်သင်းလုံးပြန်လည်ခေါင်းထောင်လာပုံရပြီး ခက်ခဲတဲ့ပြိုင်ဘက်တွေကိုကိုယ်စီအနိုင်ရထားတယ်။ပထမအကျော့ကတော့ အဲဗာတန် ၂-၀နဲ့အနိုင်ယူခဲ့ကာအစဉ်အလာအားသာမှုကိုဆက်ထိန်းနိုင်ခဲ့တယ်။ဒါပေမဲ့ ဟာဟ်ဒါစဖီးအမှတ်ပိုလိုနေတဲ့အချိန်ဖြစ်တာရယ်၊အိမ်ကွင်းဖြစ်တာရယ်ကြောင့်ပုံမှန်ခြေစွမ်းမရှိသေးတဲ့အဲဗာတန်အသင်း သရေတစ်မှတ်ရဖို့တောင် ရုန်းရနိုင်တယ်။ ဟာဟ်ဒါစဖီးသရေနဲ့ အနိုင်တစ်ခုခုပါပဲ။

### နယူးကာဆယ် Vs ဝက်စ်ဘရွန်း

တန်းဆင်းဇုန်ကရုန်းထွက်သွားပြီဖြစ်တဲ့အသင်းကိုတန်းဆင်းရခါနီးဝက်စ်ဘရွန်းအသင်းရင်ဆိုင်ရတာပါ။သည်ပွဲကနယူးကာဆယ်အတွက်အရေးမပါလှပေမဲ့ ဝက်စ်ဘရွန်းအတွက်တော့ သေရေးရှင်ရေးပွဲပါပဲ။သည်ပွဲမှာ ဝက်စ်ဘရွန်းအသင်းအနိုင်ရကိုရမှဖြစ်မယ်လို့ ဆိုပေမဲ့ တကယ်လို့ အဆင့်၁ရကဆွမ်ဆီးအသင်းသာ ချယ်လ်ဆီးကိုအနိုင်ရသွားခဲ့မယ်ဆိုရင် ဝက်စ်ဘရွန်းတန်းဆင်းဖို့ သေချာသွားတော့မှာပါ။ဒါကြောင့် ဝက်စ်ဘရွန်းအနေနဲ့ ကိုယ်တိုင်လည်းနိုင်ပွဲရဖို့အားထုတ်ရမှာဖြစ်သလိုချယ်လ်ဆီးအသင်းအနိုင်ရဖို့လည်းဆုတောင်းနေဖို့လိုနေပါတယ်။လက်ရှိခြေစွမ်းအရနယူးကာဆယ်ကလည်းမခေသလို ဝက်စ်ဘရွန်းကလည်းမန်ယူနဲ့လီဗာပူးလ်တို့ဆီကဆက်တိုက်အမှတ်ယူထားတယ်။ပထမအကျော့မှာ၂-၂သရေကျခဲ့တဲ့ သည်နှစ်သင်းအစဉ်အလာအတိုင်းအကြိတ်အနယ်ရှိနိုင်ပြီးပိုပြီးတက်ကြွနေတဲ့ ဝက်စ်ဘရွန်း အမှတ်သေချာပေါက်ယူသွားနိုင်ပါတယ်။

### ဆောက်သမ်တန် Vs ဘုန်းမောက်

သည်ပွဲကလည်းဆောက်သမ်တန်အတွက်အင်မတန်အရေးကြီးတဲ့ပွဲပါ။ဘုန်းမောက်ကတော့အမှတ်မလိုတော့ပါဘူး။ပထမအကျော့မှာတစ်ဂိုးစီသရေကျခဲ့ပြီး အစဉ်အလာတွေ့ဆုံမှုတွေမှာ ဆောက်သမ်တန်အသင်းတစ်ဖက်သတ် အသာစီးရထားတယ်။ တောက်လျှောက်နိုင်ပွဲပျောက်နေတဲ့ ဆောက်သမ်တန် သည်ပွဲမှာပြန်လာသင့်နေပါပြီ။အမှတ်ရဖို့မလိုတော့တဲ့ဘုန်းမောက်အသင်းကိုဆောက်သမ်တန်အနိုင်ရသွားမှာ သေချာပါတယ်။

### ဆွမ်ဆီး Vs ချယ်ဆီးလ်

ဆွမ်ဆီးက တန်းဆင်းဇုန်ထဲပြန်မရောက်ဖို့ နိုင်ပွဲအသည်းအသန်လိုနေပြီးချယ်လ်ဆီးကျတော့ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာစာအတွက်နိုင်ပွဲမဖြစ်မနေလိုအပ်နေတယ်။ဆွမ်ဆီးကတစ်ဖက်မှာနိုင်ပွဲရှာနိုင်ခဲ့ရင်တစ်ဖက်မှာ ဝက်စ်ဘရွန်းအသင်းကိုလည်း တန်းဆင်းသွားစေမှာပါ။ဒါကြောင့် စိတ်ဝင်စားစရာအဆုံးအဖြတ်ပွဲတစ်ပွဲပါ။ ပထမအကျော့မှာတော့ ချယ်လ်ဆီးကအနိုင်ရထားတယ်။ အစဉ်အလာအရလည်းချယ်လ်ဆီးကိုဆွမ်ဆီး ဘယ်လိုမှမယှဉ်သာပါဘူး။ လက်ရှိခြေစွမ်းမှာ နိုင်ပွဲလုံးဝပျောက်ဆုံးနေတဲ့အိမ်ရှင်အသင်းချယ်လ်ဆီးကိုနိုင်ဖို့ဆိုတာလည်းမဖြစ်နိုင်ပါဘူး။ ဆွမ်ဆီးရှုံးပွဲဆက်လိမ့်ဦးမယ်။

### ဝက်စ်ဟမ်း Vs မန်စီးတီး

ဝက်စ်ဟမ်းက အမှတ်လိုနေသေးပြီးချန်ပီယံမန်စီးတီးကတော့ စံချိန်တင်ဂိုးတွေလိုအပ်နေတယ်။ သည်ပွဲကခြေမမျှတဲ့နှစ်သင်းရဲ့ပွဲပါ။ဝက်စ်ဟမ်းအိမ်ကွင်းဖြစ်ပေမဲ့ မန်စီးတီးကို ယှဉ်ကစားနိုင်ဖို့မရှိဘူး။ဂိုးသွင်းစံချိန်ရဖို့ လက်ကျန်ပွဲတွေကို အာရုံစိုက်ဖို့ရှိနေတဲ့ မန်စီးတီးပဲခြေအသာ၊ ဂိုးအသာနဲ့ အနိုင်ယူသွားမှာပါ။

### မန်ယူ Vs အာဆင်နယ်

အစဉ်အလာပြိုင်ဘက်ကြီးနှစ်သင်းရဲ့ အစဉ်အလာအကြိတ်အနယ်ပွဲပါပဲ။ အမှတ်တွေကနှစ်သင်းစလုံးအတွက်သိပ်အရေးမပါတော့ပေမဲ့အာဆင်နယ်နည်းပြကြီး အာဆင်ဝင်းဂါးရဲ့ရာသီကုန်နုတ်ထွက်မယ့် ကြေညာချက်ကြောင့်အရေးကြီးတဲ့ပွဲအဖြစ်မြင်တွေ့ရမှာဖြစ်ပါတယ်။ဆယ်စုနှစ်နှစ်ခုကျော်ကြာ အကောင်းဆုံးပြိုင်ဘက်တွေအဖြစ်အကြိမ်ကြိမ်ရပ်တည်ခဲ့ကြတဲ့ သည်နှစ်သင်းမှာမန်ယူအတွက်တော့ဝင်းဂါးကိုပြိုင်ဘက်နည်းပြအဖြစ်နောက်ဆုံးနုတ်ဆက်မယ့်ပွဲအဖြစ်လည်း ရှုမြင်နိုင်ပါတယ်။ ပြိုင်ဆိုင်မှုမှာတော့ မန်ယူက အိမ်ကွင်းမှာအနိုင်ယူသွားဖို့ များပါတယ်။

### စပါး Vs ဝက်ဖို့ဒ်

စပါးကချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အမှတ်လျော့လို့မဖြစ်ပါဘူး။ ဝက်ဖို့ဒ်က အမှတ်မလိုတဲ့အသင်းပါ။ ချယ်လ်ဆီးရဲ့ဖိအားပေးမှုကို ရုန်းထွက်ဖို့ စပါးအနိုင်ကစားရမှာဖြစ်ပြီးဆက်တိုက်ယိုင်နဲ့နေတဲ့ ခြေစွမ်းကိုစပါးအသင်း ပြန်အဖတ်ဆယ်ဖို့ကြိုးစားရမှာပါ။ အိမ်ကွင်းမှာစပါးသေချာပေါက် အနိုင်ရပါလိမ့်မယ်။

4cus

www.free4readers.com

# ထရမ့် – ကင်မ်တွေ့ဆုံပွဲကို ထိုင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးလို



ဧပြီ ၂၄ –အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းတို့ရဲ့ ထိပ်သီးတွေ့ဆုံပွဲကျင်းပဖို့အတွက် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပပေးလိုကြောင်း အင်္ဂါနေ့က ပြောကြားခဲ့ပါတယ်။

ဆွေးနွေးပွဲအတွက် အိမ်ရှင်အဖြစ် ကျင်းပပေးဖို့ ထိုင်းက အဆင်သင့်ပဲလို့ နိုင်ငံခြားရေးဝန်ကြီး ဒွန်ပရမ်မူဝီနေးက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

အမေရိကန်သံရုံးက မှတ်ချက်ပေးဖို့ ငြင်းဆိုခဲ့ပါတယ်။

ကင်မ်နဲ့ ညီလာခံကျင်းပနိုင်ဖို့အတွက် အရေးပါတဲ့ ဆွေးနွေးပွဲဖြစ်တဲ့ ကင်မ်နဲ့မွန်းတို့တွေ့ဆုံပွဲကို သောကြာနေ့မှာ ကျင်းပမှာ ဖြစ်ပါတယ်။

ဇွန်လအစောပိုင်းမှာပြုလုပ်မယ့် သည်ထိပ်သီးတွေ့ဆုံပွဲကို နေရာငါးခုထဲက တစ်ခုခုမှာကျင်းပဖြစ်မယ်လို့ ထရမ့်က ပြောကြားခဲ့ပြီး မြောက်ကိုရီးယားနဲ့ ချူကလီးယားဖျက်သိမ်းရေးသဘောတူညီချက် တစ်ခုရမယ်လို့ မျှော်လင့်တယ်လို့ ပြောကြားခဲ့ပါတယ်။

ကျင်းပနိုင်ခြေရှိတဲ့နေရာတွေထဲမှာ မွန်ဂိုးလီးယားကနေ စကင်ဒီနေးဗီးယားနိုင်ငံတွေနဲ့ စင်ကာပူနိုင်ငံအထိ လေ့လာသူတွေကထင်ကြေးပေးကြပေမဲ့ ထရမ့်ကတော့ ဘယ်နေရာဆိုတာ အတည်မပြုသေးပါဘူး။

နှင်းသန့်

[ref:AFP, Apr 24, 2018.]










www.free4readers.com